# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 7 November 2024 ၁၁၆၃၄


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား


ယနေ့ကျရောက်သော (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများကိုပိုင်ဆိုင်သည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေး၊ ကြိုဆိုညစာစားပွဲ တက်ရောက်

### နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အရေးပါပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည်



နေပြည်တော် နိုဝင်ဘာ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Haigeng Garden Hotel ၌ တွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂

**လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

ကြေးမုံ

# တန်ဖိုးမြင့်ထုတ်ကုန်ပိုမိုဖြစ်ထွန်းရေး မိတ်ဖက်စီးပွားရေးလုပ်ငန်းမြင့်တင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ထိပ်သီးအစည်းအဝေးနှင့် အခြားထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်အတွက် တရုတ်နိုင်ငံ ကူမင်းမြို့သို့ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာလ ၅ ရက်နေ့က ကျင်းပပြုလုပ်သည့် တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ယခုထက်မက တိုးမြှင့်သွားလိုကြောင်း ပြောကြားခဲ့သည်။

တရုတ်-မြန်မာနှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုသည် မကြာမီကာလတွင် စိန်ရတုတိုင်ရောက်ရှိတော့မည်ဖြစ်သည်။ အစဉ်အဆက် ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာစွာတည်ဆောက်ခဲ့သည့် တရုတ်-မြန်မာနှစ်နိုင်ငံသည် ယနေ့အချိန်တွင် နှစ်နိုင်ငံပြည်သူများအကြား ကောင်းမွန်သည့်ဆက်ဆံရေးများကို လက်တွေ့ဖော်ဆောင်ရင်း အပြန်အလှန်ယုံကြည်မှုများ ပိုမိုတိုးတက်ခိုင်မြဲလာသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုဖြစ်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆက်နွှယ်မှုသည် အနာဂတ်အတွက် မဟာဗျူဟာကျသည့် မောင်းနှင်အားများဖြစ်လာသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများနှင့် ဇီဝနည်းပညာသုံး စိုက်ပျိုးနည်းစနစ်ကို အောင်မြင်စွာ အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် နည်းပညာလွှဲပြောင်းရယူရေး၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် အစားအစာဘေးကင်းလုံခြုံမှုရှိပြီး ဂေဟစနစ်ကို ရေရှည်ထိန်းသိမ်းထားနိုင်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များနှင့် ယခုထက်ပိုပြီး ပူးပေါင်းဆောင်ရွက်သွားရန် ဖိတ်ခေါ်လိုကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် သဘာဝကပေးထားသည့် စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများကို အသုံးချပြီး ကမ္ဘာပေါ်တွင် စားရေရိက္ခာ အဓိကထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်ရေး ကြိုးပမ်းဆောင်ရွက်နေသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းထုတ်ကုန်များ တိုးတက်မြင့်မားလာစေရန်အတွက် စိုက်ပျိုးနည်းစနစ်များနှင့်အတူ အခြေခံလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေဩဇာထုတ်လုပ်ရေး၊ သဘာဝမြေဩဇာထုတ်လုပ်ရေး၊ အပင်အားဆေးနှင့် ပိုးသတ်ဆေး လိုအပ်ချက်များရှိနေသည်။ ယခုအခါ ယင်းကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံရန် ဆက်သွယ်ဆောင်ရွက်နေသည့် အဖွဲ့အစည်း ကုမ္ပဏီများရှိနေသည်။

စိုက်ပျိုးရေးတွင် ပိုမိုတိုးတက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည်များကို ကူညီပေးရန် အသင့်ရှိနေသည်။ စက်မှုလယ်ယာကဏ္ဍကို အရှိန်အဟုန်မြှင့်တင်နိုင်မည့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခြွေလှေ့ခြင်း၊ သိုလှောင်ခြင်းတို့အတွက် ခေတ်မီစက်ကိရိယာများ၊ သိုလှောင်ရုံများ ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ထားသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်း ကောင်းစွာဆောင်ရွက်နိုင်သည့် ရာသီဥတုနှင့်မြေအကျယ်အဝန်းရှိသည်။ အရှေ့တောင်အာရှဒေသတွင် လယ်ယာမြေဟက်တာ ၆၅ သန်းကျော်ရှိပြီး လယ်ယာမြေ အများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်သည်။ မြေဆီဩဇာကြွယ်ဝကောင်းမွန်ပြီး ဓာတုပစ္စည်းများ သက်ရောက်မှုမရှိသေးသော စိုက်ပျိုးမြေနေရာများစွာသည် ရင်းနှီးမြှုပ်နှံလိုသူများအတွက် အခွင့်အလမ်းကောင်းများဖြစ်သည်။

မွေးမြူရေးလုပ်ငန်းတွင် ခေတ်မီနည်းစနစ်များဖြင့် မွေးမြူပြီး အေးခဲအသားထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုလားသည်။ စိုက်ပျိုးရေးကဏ္ဍကို စက်မှုလယ်ယာအဖြစ် မြှင့်တင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်ရည်ရွယ်ထားသည်။ ဈေးကွက်အနေဖြင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများတွင် လူဦးရေများပြားသည့် နိုင်ငံများတည်ရှိပြီး ကြီးမားလှသည့် စားရေရိက္ခာဈေးကွက်ကို ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန် နိုင်ငံတော်အစိုးရအနေဖြင့် သီးခြားကူညီထောက်ပံ့မှုများ ပံ့ပိုးပေးလျက်ရှိသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးမွေးမြူရေး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းနှင့် စားသုံးဆီထုတ်လုပ်ခြင်း စသည့်ကဏ္ဍများတွင် မြန်မာနိုင်ငံ၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လုပ်ကိုင်ပါက ဦးစားပေးပြီး ဝန်ဆောင်မှုများ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ဖော်ပြပါ စီးပွားရေးအခွင့်အလမ်းကောင်းများကို နိုင်ငံတော်အကြီးအကဲ တရုတ်နိုင်ငံသို့ရောက်ရှိစဉ် ပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နိုင်မည့် စီးပွားရေးလုပ်ငန်းရှင်များကို အသိပေးပြောကြားခဲ့ရာ အနာဂတ်ကာလတွင် မြန်မာနိုင်ငံ၌ တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည့် စီးပွားရေးအခြေအနေကောင်းများ ဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း။ ။




## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှ စတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်း ဝင်ခွင့်ရသူများစာရင်းကို ၁၀-၁၁-၂၀၂၄ ရက်တွင် သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆-၁၁-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၈၄ | ၇၀၅,၆၀၀ |
| MTSH | ၃,၂၅၀ | ၃,၃၀၀ | ၆,၉၆၃ | ၂၂,၉၀၂,၀၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၃၅ | ၂၉၄,၀၀၀ |
| FPB | ၁,၉၅၀ | ၁,၉၀၀ | ၂၅၀ | ၄၈၅,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁၈၁ | ၅၁၁,၁၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၉၄၀ | ၁,၅၆၉,၀၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၃,၂၀၀ | ၃,၂၅၀ | ၁,၆၁၆ | ၅,၁၈၁,၂၀၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၁၀ | ၃၅၀,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

○ ရွှေဖုံးမှ

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်ပါသည်။ နိုင်ငံတော်အတွင်းရှိ တိုင်းရင်း သားညီအစ်ကိုမောင်နှမအားလုံးတို့သည် နိုင်ငံ၏နေရာဒေသအသီးသီးတွင် ဥမကွဲသိုက်မပျက်၊ စည်းလုံးညီညွတ်စွာယှဉ်တွဲ၍ စုပေါင်းနေထိုင်လာခဲ့ကြသည်ကို သမိုင်းအထောက်အထားများက ခိုင်မာစွာသက်သေပြလျက်ရှိပါသည်။

ကရင်ပြည်နယ်တွင်လည်း ကရင်တိုင်းရင်းသားတို့သည် အခြားတိုင်းရင်းသားများနှင့်အတူ ရှေးယခင်ကတည်းကပင် ချစ်ခင်ရင်းနှီးစွာ အတူတကွ နေထိုင်လာခဲ့ကြပါသည်။ ၁၈၈၅ ခုနှစ်တွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရပါသည်။ ထိုသို့ လွတ်လပ်ရေးဆုံးရှုံးပြီးနောက် ပြည်ထောင်စုကြီး၏ ဒေသအသီးသီးတွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးများသည် မျိုးချစ်စိတ်ဓာတ်၊ သူ့ကျွန်မခံလိုသည့် စိတ်ဓာတ်တို့ဖြင့် ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့ကို စည်းလုံးညီညွတ်စွာဖြင့် တွန်းလှန်တိုက်ထုတ်ခဲ့ကြပြီး လွတ်လပ်ရေးကို အတူတကွရယူခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းတိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွဲ့စည်းတည်ထောင်ခဲ့ရာ ကရင်တိုင်းရင်းသားအများစု နေထိုင်သည့်ဒေသများကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ပေးရန် စတင်ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေအမှတ် ၆၂ အရ သံလွင်ခရိုင် ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ ယင်းနောက် ၁၉၅၂ ခုနှစ် ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေး အက်ဥပဒေအမှတ် ၁၄ အရ သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသများဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ဒုတိယအဆင့် တိုးချဲ့သတ်မှတ်ခဲ့ပြီး (၆) မြို့နယ်ဖြင့်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် မြဝတီမြို့အား မြို့နယ်တစ်ခုအဖြစ်သတ်မှတ်ခဲ့၍ စုစုပေါင်းမြို့နယ် (၇) မြို့နယ်ဖြင့်လည်းကောင်း အဆင့်ဆင့်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ကရင်ပြည်နယ်ကို မွေးဖွားသန့်စင်သောနေ့ဖြစ်သည့် ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည့် ၁၉၅၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် ဂုဏ်ယူသတ်မှတ်ပြီး နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ခြင်းဖြစ်ပြီး ယနေ့ဆိုလျှင် (၆၉)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ယခင်က ခရိုင်(၄)ခရိုင်နှင့် မြို့နယ် (၇)မြို့နယ်တို့ဖြင့် ဖွဲ့စည်းထားသော ကရင်ပြည်နယ်ကြီးကို မိမိတို့တာဝန်ယူပြီးနောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကိုခရိုင်အဆင့်တိုးမြှင့်ပြီး ခရိုင် (၆) ခရိုင်ဖြင့် တိုးချဲ့ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်းတွင် ကရင်တိုင်းရင်းသားများနှင့်အတူ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ မွန် အစရှိသည့် တိုင်းရင်းသားများသည် အတူတကွ ချစ်ကြည်အေးချမ်းစွာ နေထိုင်လျက်ရှိပါသည်။ ကရင်ပြည်နယ်သည် နိုင်ငံ၏အရှေ့တောင်ဘက်တွင် တည်ရှိပြီး ရာသီဥတုမျှတကောင်းမွန်၍ သဘာဝအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများ၊ ရေတံခွန်စိမ့်စမ်းများ၊ မြင့်မားစိမ်းစိုသည့် တောင်တန်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများရှိသည့်အပြင် ဇွဲကပင်တောင်၏ သဘာဝအလှတရားသည်လည်း ကရင်ပြည်နယ်၏ အမှတ်သင်္ကေတတစ်ခုအဖြစ် တည်ရှိနေပါသည်။ ထို့ပြင် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် စေတီပုထိုးများနှင့် လှပသောသဘာဝလိုဏ်ဂူများ၊ ချစ်ခင်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို ပိုင်ဆိုင်ထားသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။ ကရင်တိုင်းရင်းသားဆိုသည်နှင့် ရွှင်မြူးတက်ကြွဖွယ် ကရင်ဒုံးအကသည် ဖားစည်သံနှင့်အတူ ဇွဲကပင်တောင်တည်ရှိရာနေရာ အထင်ကရဒေသအဖြစ် ပြည်တွင်း၌သာမက ပြည်ပတွင်ပါ ထင်ရှားပါသည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ကရင်ပြည်နယ်အတွင်းတွင်လည်း လက်နက်ကိုင်ပဋိပက္ခများဖြင့် မတည်ငြိမ်၊ မအေးချမ်းသည့်ကာလများရှိခဲ့ပါသည်။ နောက်ပိုင်း နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ရရှိစေပြီး NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်ခဲ့ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးပြီး လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ယနေ့နိုင်ငံတော်တွင် ကြုံတွေ့နေရသည့် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကို လက်နက်ဆွဲကိုင်ပြီး တိုက်ပွဲများ၊ အကြမ်းဖက်မှုများဖြင့် ဖြေရှင်းနေကြခြင်းကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများသာ ဆင်းရဲဒုက္ခမျိုးစုံခံစားနေရခြင်းဖြစ်ရာ တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး အဖြေရှာခြင်းနည်းလမ်းဖြင့် NCA လမ်းကြောင်းအတိုင်း လိုက်ပါဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်သူများအား အသိပေးတိုက်တွန်းလိုပါသည်။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ပိုမိုကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် **"လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်"** ဟူသည့် ရှေ့လုပ်ငန်းစဉ် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နိုင်ငံရေးဦးတည်ချက်များနှင့်အညီ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲစနစ် ဖြစ်စေရန် ဖော်ဆောင်လျက်ရှိပါသည်။ သို့ဖြစ်ရာ မိမိတို့နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား မိဘပြည်သူများက ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် အလေးထားတိုက်တွန်း မှာကြားလိုပါသည်။


**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများနှင့် မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား**

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးနှင့်ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်စေရေးစသည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးကဏ္ဍတွင် ပြည်တွင်းပြည်ပ ကုန်သွယ်ရေးလုပ်ငန်းများကို ပင်လယ်ရေကြောင်းမှ ဆောင်ရွက်နေသကဲ့သို့ ကရင်ပြည်နယ်အပါအဝင် နယ်စပ်ဒေသများမှလည်း ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုတွင် ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာ တိုးတက်မှုရှိခဲ့သော်လည်း နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများ နေ့စဉ်ရှိနေသည့်အတွက် နိုင်ငံ့စီးပွားရေးကို ထိခိုက်စေခဲ့ပြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို တွေ့ရှိရပါသည်။ နယ်စပ်ဒေသကုန်သွယ်ရေးတွင် လမ်းခရီး၌ မလိုလားအပ်သော ကုန်ကျစရိတ်များကြောင့် ကုန်ဈေးနှုန်းများမြင့်တက်နိုင်သဖြင့် အဟန့်အတားများမဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါသည်။

ထို့ပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါသည်။ စပါးစိုက်ပျိုးရာတွင်လည်း ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိစေရန်ဆောင်ရွက်ပြီး ပြည်တွင်းဆန်ဖူလုံမှုသာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေး မဖြစ်မနေဆောင်ရွက်ရမည် ဖြစ်ပါသည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSMEs) လုပ်ငန်းများ စာမျက်နှာ ၄ သို့ ○

- **နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်စေရေးစသည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**
- **စီးပွားရေးကဏ္ဍတွင် ပြည်တွင်းပြည်ပကုန်သွယ်ရေးလုပ်ငန်းများကို ပင်လယ်ရေကြောင်းမှ ဆောင်ရွက်နေသကဲ့သို့ ကရင်ပြည်နယ်အပါအဝင် နယ်စပ်ဒေသများမှလည်း ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိ**
- **ကုန်သွယ်မှုတွင် ကိန်းဂဏန်းများအရ အပေါင်းလက္ခဏာ တိုးတက်မှုရှိခဲ့သော်လည်း နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများ နေ့စဉ်ရှိနေသည့်အတွက် နိုင်ငံ့စီးပွားရေးကို ထိခိုက်စေခဲ့ပြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို တွေ့ရှိရ**
- **နယ်စပ်ဒေသကုန်သွယ်ရေးတွင် လမ်းခရီး၌ မလိုလားအပ်သော ကုန်ကျစရိတ်များကြောင့် ကုန်ဈေးနှုန်းများ မြင့်တက်နိုင်သဖြင့် အဟန့်အတားများမဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ပူးပေါင်းကူညီဆောင်ရွက်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေးစဉ်။

❂ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်**

ထို့နောက် ဆွေးနွေးပွဲကို စတင်ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မိမိတို့အနေဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တောတောင်ရေမြေချင်း ထိစပ်နေပြီး နက်ရှိုင်းသည့်ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ထူထောင်ခဲ့ကြပါကြောင်း၊ နိုင်ငံရေးအရ ပြောင်းလဲဖြစ်ပေါ်မှုများ၊ စိန်ခေါ်မှုများကို နှစ်နိုင်ငံအကြား ခိုင်မြဲသည့်ဆက်ဆံရေးဖြင့် အတူတကွ လက်တွဲ ကျော်ဖြတ်နိုင်ခဲ့ကြပြီး ဆက်လက်၍လည်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**❖ ယနေ့တွေ့ဆုံမှု၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေးနိုင်ကာ နှစ်နိုင်ငံအကြားသာမက ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့၌ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့ကိုယ်စားလှယ်အဖွဲ့၏ ယခုခရီးစဉ်အတွင်း ဧည့်ဝတ်ကျေပွန်စွာ စီစဉ်ဆောင်ရွက်ပေးမှုများ အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ခြင်း (၇၅)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် အကြိမ် (၂၀) မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးတို့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် မိမိအနေဖြင့် ဝမ်းမြောက်စွာ ဂုဏ်ပြုပါကြောင်း၊ **ယနေ့တွေ့ဆုံမှု၌ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးနိုင်ကာ နှစ်နိုင်ငံအကြားသာမက ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့၌ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်**ပါကြောင်း၊ တရုတ်နိုင်ငံတည်ထောင်ခဲ့သည့် နှစ်ပေါင်း(၇၀)ကျော်ကာလအတွင်း၌လည်း တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အောင်မြင်စွာ ကျင့်သုံးနိုင်ခဲ့ပြီး တရုတ်နိုင်ငံအစိုးရအတွက် အလွန်အရေးကြီးသည့် မူဝါဒတစ်ရပ်ဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အစဉ်အမြဲထောက်ခံနေမှုအား လေးနက်စွာ ထပ်လောင်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းအရှိန်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် တရုတ်နိုင်ငံအနေဖြင့် ကူညီထောက်ပံ့ပေးခဲ့မှုများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံအနက် တရုတ်နိုင်ငံသည် ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်၍ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းများနှင့် နိုင်ငံသားများ၏ စာမျက်နှာ ၅ သို့ ❂

❍ စာမျက်နှာ ၃ မှ

တိုးတက်အောင်မြင်မှုရရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော MSMEs လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားလုံးဆောင်ရွက်သွားကြရမှာ ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် လူသားအရင်းအမြစ်များ လိုအပ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ပညာတတ်များ မွေးထုတ်နိုင်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံအတွက် လိုအပ်လျက်ရှိသော ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးကဏ္ဍကို ဘက်စုံပညာရေးအဖြစ် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအနေဖြင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်၌ ၇၀ ရာခိုင်နှုန်းခန့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသားကျောင်းသူ ၉၂ ရာခိုင်နှုန်း ကျောင်းတက်ရောက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဆူပူအကြမ်းဖက်မှုများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ယာယီရပ်ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသားများအား အချိန်ပိုများသင်ကြားစေပြီး အမှန်တကယ် စာတတ်မြောက်စေရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာ ပြည်သူအားလုံးအနေဖြင့် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်အယူအဆများ ပြည့်ဝမှန်ကန်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးနှင့် ဗလငါးတန်နှင့်ပြည့်ဝသော လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ရာတွင် အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အခက်အခဲအကျပ်အတည်းများ၊ သဘာဝဘေးအန္တရာယ်များကြောင့် ကြုံတွေ့ရသည့် အခက်အခဲအကျပ်အတည်းများကို ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျော်ဖြတ်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက်လည်း လူတိုင်းကျန်းမာရေးကောင်းမွန်ရန်၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်များရရှိကာ လူတိုင်းဝင်ငွေရရှိစေရန်၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်စေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသား ပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက်နှင့် ဒေသအလိုက် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်ဖျက်ဆီးမှုအန္တရာယ်များကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် အလေးထားတိုက်တွန်းအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်လူမျိုးအပေါ် ကျရောက်လာမည့် မည်သည့်အခက်အခဲ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော မျိုးချစ်စိတ်ဓာတ်တို့ဖြင့် တိုင်းရင်းသားပြည်သူများနှင့်အတူ အခိုင်အမာ ရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဟု ယုံကြည်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**


ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ကရင်ပြည်နယ်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါသည်။ နိုင်ငံ၏အားသည် နိုင်ငံအတွင်းမှာပင်ရှိသလို ပြည်နယ်၏အင်အားသည်လည်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စုပေါင်းအားပင်ဖြစ်ပါသည်။ ထို့ပြင် ယနေ့အချိန်တွင် တိုင်းရင်းသားပြည်သူများလိုလားတောင့်တနေသော နိုင်ငံတော်ကြီးအား စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရေးတို့အတွက် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှားပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ စုပေါင်းစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး ယနေ့ကျရောက်သော (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ရယူခံစားနိုင်သူများဖြစ်ကြပါစေ။ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သောပြည်ထောင်စုကြီးအတွင်းမှ ဂုဏ်ယူဖွယ်ရာပြည်နယ်ကြီးအဖြစ် တည်ရှိနေစေရေး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဖော်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

✪ စာမျက်နှာ ၄ မှ

လုံခြုံဘေးကင်းရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် နည်းပညာ အကူအညီများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ စွမ်းအင်ကဏ္ဍလုံခြုံရေးအတွက်ဆက်လက်ဆွေးနွေးပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူဆယ်-မန္တလေး -ကျောက်ဖြူ ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်းအား နယ်မြေဒေသ အခြေအနေအရ စတင်ဖောက်လုပ်နိုင်မည့်နေရာများ၌ လုပ်ငန်းစတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိကူမင်းမြို့သို့ ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေသည့် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ၊ ဆောင်ရွက်လိုသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ရာ စီးပွားရေးအရ တက်ကြွသည့်အမြင်များနှင့် ထက်သန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို တွေ့မြင်ခဲ့ရကြောင်း၊** မြန်မာဘက်မှ လိုအပ်သောအကူအညီနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအရ စီးပွားရေးစင်္ကြံ တည်ဆောက်မှု စီမံချက်အား မြန်မာဘက်မှ အလေးထား ဆောင်ရွက်နေကြောင်းပြောကြားပြီး စိုက်ပျိုးရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍတို့တွင် လုပ်ဆောင်လိုသည့် အစီအမံများအား အသေးစိတ် ညှိနှိုင်းပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang တို့၏ ရှေ့မှောက်၌ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်များကို တာဝန်ရှိသူများက လဲလှယ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဆက်လက်ပြီး ငြိမ်းချမ်းရေးကဏ္ဍနှင့်ပတ်သက်၍ မြန်မာ့တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်ကတည်းကစတင်ကာ အပစ်အခတ်ရပ်စဲရေးကို တစ်ဖက်သတ်ကြေညာခဲ့ပြီး ငြိမ်းချမ်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ အပစ်အခတ်ရပ်စဲရေး ကြေညာထားသည့်ကာလအတွင်း လက်နက်ကိုင် အဖွဲ့များက တိုက်ခိုက်မှသာ တပ်မတော်မှ တုံ့ပြန် တိုက်ခိုက်ခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ MNDAA၊ TNLA နှင့် AA သောင်းကျန်းသူအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ ၂၀၂၂ ခုနှစ် ဧပြီလက ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ငြင်းပယ်ပြီး MNDAA အနေဖြင့် ၎င်းတို့၏ အထူးဒေသ (၁) ပြန်လည်အသက်သွင်းနိုင်ရေး ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသတွင်ရှိသည့် တပ်မတော်လုံခြုံရေးတပ်စခန်းများနှင့် ချင်းရွှေဟော်မြို့ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် အင်အားသုံး စတင်တိုက်ခိုက်ခဲ့ကြောင်း၊ တရုတ်အစိုးရ၏ ကြားဝင်စေ့စပ်မှုဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိခဲ့သော်လည်း ၎င်းတို့အနေဖြင့် သဘောတူညီချက်ကို ချိုးဖောက်ကာ မြို့ရွာများကို ဆက်လက်တိုက်ပွဲဖော်ဆောင်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် **ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားပါက မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ထားပြီး ဆွေးနွေးရန် အသင့်ရှိပါကြောင်း၊ လက်နက်ကိုင်အကြမ်းဖက်သမားများအနေဖြင့် ဖြစ်လိုသည်ကို ရှေ့တန်းတင်မည့်အစား ဖြစ်သင့်သည်ကို လုပ်ဆောင်ကြရန်လိုကြောင်း၊ MNDAA၊ TNLA နှင့် AA အဖွဲ့သုံးဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးကို လိုလားကြောင်း ရှင်းလင်း ပြတ်သားသည့် လုပ်ဆောင်ချက် ပြသလာမှသာလျှင် မိမိတို့အနေဖြင့် ဆွေးနွေးမှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသ တည်ငြိမ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အရေးပါပြီး တည်ငြိမ်အေးချမ်းမှု ရှိမှသာလျှင် စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည် ဖြစ်ကြောင်း၊** ထို့ကြောင့် နယ်စပ်ဒေသရှိ လက်နက်ကိုင်များ၏ အထောက်အပံ့များဖြစ်သည့် တရားမဝင်လုပ်ငန်းများ၊ တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရှင်းလင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးသည် အရေးပါပြီး တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ယွမ်-ကျပ် တိုက်ရိုက်ကုန်သွယ်မှုကိုလည်း ဖော်ဆောင်လျက် ရှိကြောင်း ဆွေးနွေးပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က ကြိုဆိုညစာစားပွဲအခမ်းအနားတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံအားပေးကူညီသွားမည် ဖြစ်ပြီး အိမ်နီးချင်းကောင်းနိုင်ငံ အဖြစ် ထာဝရ ရပ်တည်သွားမည်ဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကို အကြမ်းဖက်သည့်နည်းဖြင့် ပြန်လည်မဖြေရှင်းဘဲ နိုင်ငံရေးအရ ဖြေရှင်းနိုင်ရေး ဖိတ်ခေါ် ဆောင်ရွက်ခဲ့မှုများကိုလည်း ချီးကျူးမိပါကြောင်း၊ **တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ဆန္ဒပြုကူညီနိုင်မည်ဖြစ်ကြောင်း၊** မြန်မာနိုင်ငံမြောက်ပိုင်း တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပြီး **တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုပါကြောင်းနှင့် တရုတ်နိုင်ငံအတွင်း အခြေပြု၍ မြန်မာနိုင်ငံ၏အကျိုးကို ပျက်စီးအောင်ဆောင်ရွက်နေမှုများကို လက်သင့်ခံမည်မဟုတ်ကြောင်း၊** နှစ်နိုင်ငံနယ်စပ်ဂိတ်များသည် အစိုးရ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်ဖြစ်ပြီး အပြည့်အဝစီမံခန့်ခွဲနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တရုတ်-မြန်မာ ဆက်ဆံရေးနှင့် နိုင်ငံရေးအရ ယုံကြည်မှုများ ပိုမိုတိုးတက်လာစေရေး ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးသည် ထိပ်တန်းစီမံကိန်းဖြစ်သဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တရုတ်-မြန်မာ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် လာမည့်သံတမန်ဆက်ဆံမှု ၇၅ နှစ် စိန်ရတုကာလမှစ၍ နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံ၏အရေးသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ အရေးပင်ဖြစ်သဖြင့် နိုင်ငံတကာမျက်နှာစာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** ပြောကြားသည်။

## နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်များလဲလှယ်

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ အကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ် လဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့နှင့် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး၊ မန္တလေးတို့အကြား မြေနေရာငှားရမ်းခြင်း စာချုပ်လဲလှယ်ခြင်း၊ သင်တန်းကျောင်းများ အဆင့်မြှင့်တင်ခြင်း စီမံကိန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် ဓာတုဆိုင်ရာ လိုအပ်ချက်များနှင့် အပင်ပိုးမွှား ရောဂါကင်းရှင်းရေးဆိုင်ရာ သဘောတူညီချက်၊ တိကျစွာတိုင်းတာခြင်း နည်းပညာပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်ရန်အတွက် နားလည်မှုစာချွန်လွှာ၊ တရုတ်နိုင်ငံ၏ စံချိန်စံညွှန်း သတ်မှတ်ရေးဆိုင်ရာ စီမံခန့်ခွဲရေးဌာန(SAC) နှင့် မြန်မာနိုင်ငံ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန (DRI) တို့အကြား နားလည်မှုစာချွန်လွှာ၊ အားကစားကဏ္ဍမြှင့်တင်ရေး နားလည်မှုစာချွန်လွှာ စသည်တို့အပါအဝင် နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ် ခုနစ်ခုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့၏ ရှေ့မှောက်၌ နှစ်နိုင်ငံများမှ တာဝန်ရှိသူများက လဲလှယ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည်တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Kunming Intercontinental ဟိုတယ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး 8th Greater Mekong Subregion Economic Cooperation Program (GMS) Summit ကြိုဆိုညစာစားပွဲအခမ်းအနားသို့ ထိပ်သီး အစည်းအဝေးများ တက်ရောက်ကြမည့် နိုင်ငံများမှ အကြီးအကဲများနှင့်အတူ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ အကြီးအကဲများအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။ ထို့နောက် ကြိုဆိုညစာစားပွဲကို ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ အကြီးအကဲများသည် ညစာကို အတူတကွ သုံးဆောင်ကြရာ တရုတ်ယဉ်ကျေးမှု အဖွဲ့များက ရိုးရာအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်မည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်ရောက်ရှိနေသည့် ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်မည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးအပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေးသည်။


**သီးခြားစီတွေ့ဆုံဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet နှင့်အဖွဲ့ဝင်များအား Green Lake ဟိုတယ်၌လည်းကောင်း၊ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone နှင့် အဖွဲ့ဝင်များအား HUALUXE Kunming ဟိုတယ်၌လည်းကောင်းသီးခြားစီတွေ့ဆုံဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet နှင့် တွေ့ဆုံဆွေးနွေးစဉ်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့ အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် လက်ရှိပကတိ အခြေအနေများ၊ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အာဆီယံအစည်းအဝေးများတွင် မြန်မာနိုင်ငံမှ ပါဝင်နိုင်မှု အခြေအနေများ၊ မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် လိုအပ်သည့် အခြေအနေများနှင့် ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့ကလည်း အတတ်နိုင်ဆုံး ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံတို့မှ ဝန်ကြီးချုပ်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံ အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၆

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကူမင်းမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကောင်စစ်ဝန်ချုပ် ဦးသွင်ထက်လင်းနှင့် ဝန်ထမ်းများက တာဝန်ထမ်းဆောင်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ ပညာတော်သင် သင်တန်းသားများက သင်တန်း တက်ရောက်မှုဆိုင်ရာများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးနှင့် အခြားသော အစည်းအဝေးများကို တက်ရောက်ရန် ရောက်ရှိနေစဉ်အတွင်း နိုင်ငံတော်၏ တာဝန်များကို ရေခြား၊ မြေခြား၌ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏တာဝန်များကို အတူတကွလာရောက်ထမ်းဆောင်နေကြခြင်းဖြစ်သည့် အတွက် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီစောင့်ရှောက်ကြရန်နှင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရသည့် နိုင်ငံ၏သမိုင်းကြောင်းနှင့် အလေ့အထများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ခြည်မပြတ်လေ့လာ၍ လိုအပ်သည်များကို သင်ခန်းစာယူကာ မိမိတို့နိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးကိုလည်း မည်ကဲ့သို့ ဆောင်ရွက်နိုင်မည်ကို အဖြေရှာ ဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် စီးပွားရေး မောင်းနှင်အားသည် အဓိကကျသောကြောင့် နှစ်နိုင်ငံ အကျိုးတူ စီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ အခွင့်အလမ်းရရှိစေရေး သံတမန်ဆက်ဆံရေးမှတစ်ဆင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း၊ သံတမန် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ ပေါင်းသင်းဆက်ဆံမှု ကောင်းခြင်းသည် လုပ်ငန်းတာဝန်များ ပိုမိုအဆင်ပြေချောမွေ့စွာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

**နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်**

နိုင်ငံအချင်းချင်း ဆက်ဆံရာတွင် သံတမန်ဆက်ဆံရေးသည် များစွာ အရေးပါသောကြောင့် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံ့အကျိုးစီးပွား တိုးတက်လာစေရေး နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ရာ၌ နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာ သိမြင်ကြရန်လိုပြီး မိမိတို့နိုင်ငံတော်၏ အကျိုးကို တတ်စွမ်းသည့်အပိုင်းမှ ဖော်ဆောင်သွားကြရန်လိုကြောင်း၊ ထို့ပြင် ပညာတော်သင် စစ်ဘက်၊ အရပ်ဘက်မှ သင်တန်းသားများအနေဖြင့်လည်း သင်ကြားပေးသည့် အတတ်ပညာများကို အလေးအနက်ထား သင်ယူသွားကြရန်လိုပြီး အမြဲမပြတ် လေ့လာအားထုတ်နေကြရမည် ဖြစ်ကြောင်း မှာကြားပြီး နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာမှုရှိစေရေးနှင့် စစ်မှန်ပြီး ရိုးသားသည့် ဒီမိုကရေစီစနစ် ဖြစ်စေရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် တရုတ်တစ်နိုင်ငံလုံးတွင် ပညာတော် သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသား သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်ရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)၊ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် သင်တန်းသား သင်တန်းသူများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများ သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်တစ်နိုင်ငံလုံးတွင် ပညာတော်သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# ကလျာဏမိတ္တကိုအကြောင်းပြု၍ CLMV အဖွဲ့၏ စည်းလုံးညီညွတ်မှုနှင့်အတူ သာယာဝပြောသော အသိုက်အဝန်းဆီသို့

ထက်မြတ်

အခါတစ်ပါးတုန်းက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ရှင်အာနန္ဒာရဲ့လျှောက်ထားမှုကြောင့် မိတ်ကောင်းဆွေကောင်းရဲ့ တန်ဖိုးကြီးမားပုံကို ဟောဖော်ညွှန်ပြခဲ့ဖူးပါတယ်။ အဲဒီမှာ ရှင်အာနန္ဒာက ဘယ်လိုလျှောက်လဲဆိုရင် မိတ်ကောင်းဆွေကောင်းရှိခြင်းက အမှုကိစ္စတို့ကို ၅၀ ရာခိုင်နှုန်း ပြီးမြောက်စေတတ်တယ်ဆိုပြီး ပုထုဇဉ်အတွေးကို မြတ်စွာဘုရားဆီလျှောက်ထားတာပေါ့။ ဒါပေမဲ့ ရှင်အာနန္ဒာရဲ့ အတွေးအခေါ်ကို မြတ်စွာဘုရားက ငြင်းပယ်တော်မူပါတယ်။

တကယ်တော့ ကလျာဏမိတ္တလို့ခေါ်တဲ့ မိတ်ကောင်းဆွေကောင်းဆိုတာက အားကြီးတဲ့ မှီခိုရာ အကြောင်းတစ်ခုဖြစ်တဲ့အပြင် မိတ်ကောင်းဆွေကောင်းသာရှိမယ်ဆိုရင် အမှုကိစ္စတို့ကို ရာနှုန်းပြည့် အောင်မြင်ပြီးစီးစေတတ်တယ်လို့ မြတ်စွာဘုရားက ပြန်လည်မိန့်ကြားတော်မူတယ်လို့ ကြားသိခဲ့ရပါတယ်။ ဒါကြောင့် မိတ်ကောင်းဆွေကောင်းရှိဖို့ဆိုတာ လူတစ်ဦးချင်းအတွက်သာမက အဖွဲ့အစည်းများအချင်းချင်း၊ နိုင်ငံအချင်းချင်းအတွက်ပါ အကျိုးရှိစေမှာမဟုတ်ပါလား။

**CLMV သမိုင်းကြောင်း**

လူဆိုတာတစ်ဦးတစ်ယောက်တည်း ရပ်တည်လို့မရသလို နိုင်ငံတွေဆိုသည်မှာလည်း ကမ္ဘာပေါ်မှာ ထီးတည်းကြီးရပ်တည်လို့မရနိုင်ပါဘူး။ လူတွေက ပုထုဇဉ်ဖြစ်နေသမျှကာလပတ်လုံး လောကီကောင်းကျိုးတွေရရှိဖို့လိုအပ်ပါတယ်။ နိုင်ငံဆိုသည်မှာလည်း နိုင်ငံသူ နိုင်ငံသားအားလုံး ကောင်းကျိုးချမ်းသာတွေရရှိစေဖို့အတွက် ဆောင်ကြဉ်းပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒီလိုမျိုးကောင်းကျိုးတွေ ရရှိစေဖို့ဆိုတာ ကိုယ်တစ်ဦးတစ်ယောက်တည်းနဲ့တော့ ဘယ်လိုမှမစွမ်းဆောင်နိုင်ပါဘူး။ မိတ်ဆွေကောင်းဆိုတာလည်း မဖြစ်မနေလိုအပ်ပါတယ်။ တစ်ခုတော့ရှိတာပေါ့။ ကိုယ်က မိတ်ဆွေကောင်းလိုချင်ရင် ကိုယ်ကိုယ်တိုင်က တခြားသူအတွက် မိတ်ဆွေကောင်းဖြစ်ဖို့ လိုအပ်တယ်မဟုတ်ပါလား။ ဒါကြောင့် ဒေသတွင်း နိုင်ငံအချင်းချင်း ကလျာဏမိတ္တပီသစွာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်မယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှုဆိုတာ ဝေးမယ်မထင်ပါဘူး။ ဒီလိုနိုင်ငံအချင်းချင်း ကလျာဏမိတ္တပီသစွာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်ဖို့အတွက် အရှေ့တောင်အာရှမှာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံတွေက CLMV ဆိုတဲ့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တစ်ခုကို လက်တွေ့အကောင်အထည်ဖော်ခဲ့ကြပါတယ်။ ဒါကြောင့် CLMV ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းလေးကို အကျဉ်းချုံးတင်ပြလိုပါတယ်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလကပါ။ မြန်မာနိုင်ငံရဲ့ ဗုဒ္ဓဘာသာထွန်းကားရာနေရာတစ်ခုဖြစ်တဲ့ ပုဂံမြို့မှာ ပထမအကြိမ် ACMECS ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ လာအိုနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံဝန်ကြီးချုပ်နဲ့ တွေ့ဆုံစဉ်မှာ ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေး(Cambodia –Lao PDR–Myanmar–Vietnam Cooperation Summit – CLMV) ကို ကျင်းပသွားဖို့ အဆိုပြုလိုက်ပါတယ်။ အဲဒီအဆိုပြုမှုဟာ ချက်ချင်းပဲ အကောင်အထည်ပေါ်ခဲ့တာပါ။ ၂၀၀၄ ခုနှစ် နိုဝင်ဘာလရောက်တော့ ပထမအကြိမ် CLMV ထိပ်သီးအစည်းအဝေးကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှာ အာဆီယံထိပ်သီးအစည်းအဝေးနဲ့အတူ ဆက်စပ်ကျင်းပပြီး CLMV အဖွဲ့ဝင်လေးနိုင်ငံကြားမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းရေးဆိုင်ရာ ဗီယင်ကျန်းကြေညာစာတမ်း (Vientiane Declaration) ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ အဲဒီကြေညာစာတမ်းအရ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍရှစ်ခုမှာ ပူးပေါင်းဆောင်ရွက်သွားဖို့ အဖွဲ့ဝင်နိုင်ငံတွေက သဘောတူကြပါတယ်။ အဖွဲ့ဝင်တစ်နိုင်ငံစီက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍအနည်းဆုံးနှစ်ခုစီကို ဦးဆောင်တာဝန်ယူရမှာပါ။

ပူးပေါင်းဆောင်ရွက်မှုကဏ္ဍကြီး ရှစ်ခုက ဘာတွေလဲဆိုရင် –

(က) ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူစေခြင်းနှင့် တိုးမြှင့်ပေးခြင်း
(ခ) စိုက်ပျိုးရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း
(ဂ) စက်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း
(ဃ) စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း
(င) ပို့ဆောင်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း
(စ) သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း
(ဆ) ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း
(ဇ) လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံကတော့ ကဏ္ဍသုံးခုကို ဦးဆောင်သူအနေနဲ့ တာဝန်ယူထားတာပါ။ အဲဒီကဏ္ဍသုံးခုက စိုက်ပျိုးရေး၊ စွမ်းအင်၊ စက်မှုဆိုတဲ့ ကဏ္ဍတို့ပါပဲ။

**အာဆီယံပေါင်းစည်းရေးအစီအစဉ်**

အာဆီယံအဖွဲ့အတွင်း CLMV အဖွဲ့ဝင်နိုင်ငံများရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချရေး၊ CLMV နိုင်ငံများအတွင်း စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ ဒေသခွဲနဲ့ဒေသတွင်းဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးနဲ့ အာဆီယံပေါင်းစည်းရေးအစီအစဉ်ကို အထောက်အကူပြုနိုင်စေရေးတို့အတွက် ရည်ရွယ်ပြီး CLMV ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။

CLMV ထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ်ကစပြီး တစ်နှစ် တစ်ကြိမ်ဆိုသလို အာဆီယံထိပ်သီးအစည်းအဝေးတွေနဲ့ ဆက်စပ်ကျင်းပလာခဲ့ပေမယ့် ၂၀၀၈ ခုနှစ်ကစလို့ CLMV ထိပ်သီးအစည်းအဝေးနဲ့ ACMECS ထိပ်သီးအစည်းအဝေးတို့ ပူးတွဲပြီး နှစ်နှစ် တစ်ကြိမ် ကျင်းပခဲ့တာပါ။ ဒီနှစ်မှာတော့ (၁၁) ကြိမ်မြောက်အထိကို ရောက်ရှိလာပါပြီ။ (၁၁) ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာလ ၇ ရက်နေ့မှာ မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ဆောင်ရွက်သွားမှာပါ။ ဒီနှစ်ထိပ်သီးအစည်းအဝေးအတွက် ခေါင်းစဉ်က **"ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့"** ဆိုပြီးဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ CLMV ပူးပေါင်းဆောင်ရွက်မှုရဲ့ အနာဂတ်ဦးတည်ချက်အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးပြီး ပူးတွဲကြေညာချက်တစ်ခုကို ထုတ်ပြန်သွားဖို့ရှိတယ်လို့လည်း သိရပါတယ်။

**LIMEC ဆက်သွယ်ရေးလမ်းကြောင်း ဖြစ်တန်စွမ်း လေ့လာရေးစီမံကိန်း**

ဒီ CLMV အဖွဲ့နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံက တင်သွင်းခဲ့တဲ့ စီမံကိန်းတွေ အများကြီးရှိပါတယ်။ (၈)ကြိမ်မြောက် အစည်းအဝေးမှာတုန်းက ဆိပ်ခံတံတားနဲ့ မြစ်ကမ်းပါးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ CLMV အဖွဲ့ဝင်နိုင်ငံများတွင် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် တာဝန်ရှိမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲစီမံကိန်း၊ ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရေးအတွက် စည်းမျဉ်းစည်းကမ်းများ ပြန်လည်သုံးသပ်ရေးစီမံကိန်း၊ စပါးမျိုးအရည်အသွေးထိန်းချုပ်မှုစနစ်အတွက် စွမ်းရည်မြှင့်မားစေရေးစီမံကိန်းတို့ဖြစ်ပါတယ်။ ဒ့ါအပြင် (၁၀) ကြိမ်မြောက် အစည်းအဝေးမှာဆိုရင်လည်း နယ်စပ်ဒေသမှာ အာဖရိကဝက်တုပ်ကွေးရောဂါဖြစ်ပွားမှုတုံ့ပြန်ရေးနှင့် ထိန်းချုပ်ရေးစီမံကိန်း၊ တာလေမြို့ရှောင်လမ်းပေါ်မှာ နမ်လင်းတံတားတည်ဆောက်ရေးစီမံကိန်း၊ CLMV နိုင်ငံများအကြား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာလေ့ကျင့်ရေးနှင့် သုတေသနဌာနစီမံကိန်း၊ ထိုင်းနိုင်ငံမှတစ်ဆင့် လာအိုနှင့် မြန်မာနိုင်ငံတို့ကြား LIMEC ဆက်သွယ်ရေးလမ်းကြောင်း ဖြစ်တန်စွမ်း လေ့လာရေးစီမံကိန်းတို့ကို အဆိုပြုတင်သွင်းခဲ့ပါတယ်။

စာမျက်နှာ ၉ သို့ ☆






**❝ လူဆိုတာတစ်ဦးတစ်ယောက်တည်း ရပ်တည်လို့မရသလို နိုင်ငံတွေဆိုသည်မှာလည်း ကမ္ဘာပေါ်မှာ ထီးတည်းကြီးရပ်တည်လို့မရနိုင်ပါဘူး။ လူတွေက ပုထုဇဉ်ဖြစ်နေသမျှကာလပတ်လုံး လောကီကောင်းကျိုးတွေ ရရှိဖို့လိုအပ်ပါတယ်။ နိုင်ငံဆိုသည်မှာလည်း နိုင်ငံသူနိုင်ငံသားအားလုံး ကောင်းကျိုးချမ်းသာတွေရရှိစေဖို့အတွက် ဆောင်ကြဉ်းပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒီလိုမျိုးကောင်းကျိုးတွေ ရရှိစေဖို့ဆိုတာ ကိုယ်တစ်ဦးတစ်ယောက်တည်းနဲ့တော့ ဘယ်လိုမှမစွမ်းဆောင်နိုင်ပါဘူး။ မိတ်ဆွေကောင်းဆိုတာလည်း မဖြစ်မနေလိုအပ်ပါတယ်။ တစ်ခုတော့ရှိတာပေါ့။ ကိုယ်က မိတ်ဆွေကောင်းလိုချင်ရင် ကိုယ်ကိုယ်တိုင်က တခြားသူအတွက် မိတ်ဆွေကောင်းဖြစ်ဖို့ လိုအပ်တယ်မဟုတ်ပါလား။ ဒါကြောင့် ဒေသတွင်းနိုင်ငံအချင်းချင်း ကလျာဏမိတ္တပီသစွာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်မယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှုဆိုတာ ဝေးမယ်မထင်ပါဘူး ❞**

# ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်သည့်အမိန့်ကို (၂၅-၁၀-၂၀၂၄)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၀၃၈/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပြီး အဆိုပါအမိန့်ကြော်ငြာစာအရ ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် လုပ်ငန်းလိုင်စင် လျှောက်ထားရယူရန်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ နှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း (၃၀-၁၀-၂၀၂၄)ရက်နေ့တွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

(၂၅-၁၀-၂၀၂၄)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၀၅၅/၂၀၂၄ နှင့်အညီ ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် လျှောက်ထားရယူမည့် လူပုဂ္ဂိုလ်သို့မဟုတ် ကုမ္ပဏီများအနေဖြင့် ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်ပါ သတ်မှတ်လျှောက်လွှာပုံစံများအတိုင်း လုပ်ငန်းလိုင်စင်လျှောက်ထားမှုကို သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ကနဦးစိစစ်ရေးအဖွဲ့ အတွင်းရေးမှူးရုံးများဖြစ်သော အောက်ဖော်ပြပါ ရုံးလိပ်စာများတွင် (၁၈-၁၁-၂၀၂၄)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) ပြည်ထောင်စုနယ်မြေ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ပျဉ်းမနား/ရမည်းသင်းသတ္တုတွင်း စီမံကိန်းရုံး၊ ပျဉ်းမနားမြို့၊
(၂) ကချင်ပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန၊ မြစ်ကြီးနားမြို့၊
(၃) ကယားပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန၊ လွိုင်ကော်မြို့၊
(၄) ကရင်ပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန၊ ဘားအံမြို့၊
(၅) ချင်းပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန၊ ဟားခါးမြို့၊
(၆) စစ်ကိုင်းတိုင်းဒေသကြီး၊ သတ္တုတွင်းဦးစီးဌာန၊ မုံရွာမြို့၊
(၇) တနင်္သာရီတိုင်းဒေသကြီး၊သတ္တုတွင်းဦးစီးဌာန၊ထားဝယ်မြို့၊
(၈) ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းစီမံကိန်းရုံး၊ ပဲခူးမြို့၊
(၉) မကွေးတိုင်းဒေသကြီး၊ သတ္တုတွင်းဦးစီးဌာန၊ မကွေးမြို့၊
(၁၀) မန္တလေးတိုင်းဒေသကြီး၊ သတ္တုတွင်းဦးစီးဌာန၊ မန္တလေးမြို့၊
(၁၁) မွန်ပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းရုံး၊ မော်လမြိုင်မြို့၊
(၁၂) ရခိုင်ပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းရုံး၊ စစ်တွေမြို့၊
(၁၃) ရန်ကုန်တိုင်းဒေသကြီး၊ သတ္တုတွင်းဦးစီးဌာန၊ ရန်ကုန်မြို့၊
(၁၄) ရှမ်းပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန၊ တောင်ကြီးမြို့၊
(၁၅) ဧရာဝတီတိုင်းဒေသကြီး၊သတ္တုတွင်းဦးစီးဌာန၊ဆားလုပ်ငန်းရုံး၊ ပုသိမ်မြို့၊

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အလွှာပေါင်းစုံမှ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံသည်။




ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဖော်ဆောင်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များကြောင့် ထိခိုက်ခံစားရမှုအခြေအနေ၊ အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းစဉ်များတွင် ပြည်သူပူးပေါင်းပါဝင်ဆောင်ရွက်စေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က တိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအမွေအနှစ်များတိုးတက်ပြန့်ပွားရေးဆိုင်ရာများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖော်ဆောင်နေမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသော ဖိတ်ကြားထားသည့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက ငြိမ်းချမ်းရေးဆိုင်ရာများ၊ ရွေးကောက်ပွဲဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေး ဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားပေးကြသည်။

**ထောက်ပံ့ငွေများပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများသည် ပြည်နယ်မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသည့်ဒေသခံတိုင်းရင်းသား ပြည်သူများကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့သည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၈ မှ

CLMV အဖွဲ့ဝင်နိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ဒေသတွင်းမှာ အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်မှုအတွက် အလွန်ကိုပဲအရေးပါပါတယ်။ ဒီလိုမျိုးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘယ်လိုနယ်ပယ်တွေမှာ တိုးတက်မှုတွေရှိလာလဲဆိုရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့မှာ တိုးတက်မှုတွေရှိလာတာပါ။

စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှာဆိုရင် CLMV နိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ၂၀၁၀ ပြည့်နှစ်မှာ ရှစ်ရာခိုင်နှုန်းမှသည် ၂၀၁၆ ခုနှစ်မှာ ၁၂ ရာခိုင်နှုန်းအထိ တိုးတက်လာတာတွေ့ရပါတယ်။ ၂၀၂၃ ခုနှစ်အတွက် CLMV အဖွဲ့ရဲ့ ကုန်သွယ်မှုပမာဏက အမေရိကန်ဒေါ်လာ ၇၆၈ ဒသမ ၉ ဘီလီယံအထိရောက်ရှိခဲ့ပြီး ဒီပမာဏဟာ အာဆီယံအဖွဲ့တစ်ခုလုံးရဲ့ ကုန်သွယ်မှုပမာဏအနက် ၂၁ ဒသမ ၈ ရာခိုင်နှုန်းရှိတယ်လို့ စက်တင်ဘာလ ၁၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ (၁၆) ကြိမ်မြောက် CLMV စီးပွားရေးဝန်ကြီးများ အစည်းအဝေးထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

ဒ့ါအပြင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုရင်လည်း ၂၀၂၂ ခုနှစ်ကနေ ၂၀၂၃ ခုနှစ်အတွင်း ၅ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်လာပါတယ်။ အဲဒီထဲမှာမှ လာအိုနိုင်ငံရဲ့တိုးတက်မှုဟာ ၁၈၀ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ငွေကြေးပမာဏအားဖြင့်တော့ ဗီယက်နမ်နိုင်ငံက ဒေါ်လာ ၁၈ ဒသမ ၅ ဘီလီယံနဲ့ အမြင့်ဆုံးမှာရှိပါတယ်။

စီးပွားရေးဝန်ကြီးများအစည်းအဝေးမှာ CLMV လုပ်ငန်းဆောင်ရွက်မှုအစီအစဉ် ၂၀၂၅-၂၀၂၆ ကို သတ်မှတ်ပြဋ္ဌာန်းလိုက်ပါသေးတယ်။ အဲဒီအစီအစဉ်မှာတော့ နယ်ပယ်ခြောက်ခု ပေါင်းစုပါဝင်နေပါတယ်။ အဲဒါတွေက ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ဒေသတွင်း ကတိကဝတ်များကို အကောင်အထည်ဖော်ရေး၊ ကပ်ရောဂါပြန်လည်ထူထောင်ရေးအစီအစဉ်၊ CLMV ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဘောင်ကို အကောင်အထည်ဖော်ရေးအစီအစဉ်နဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်တို့ပါပဲ။

အခုဆိုရင် မကြာခင်မှာ (၁၁) ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးကို ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီအစည်းအဝေးမှာလည်း အဖွဲ့ဝင်နိုင်ငံတွေကြား ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး လုပ်ငန်းအစီအစဉ်တွေ အကောင်အထည်ဖော်ရေးအတွက် ဆွေးနွေးသွားကြမှာပါ။ ဒီလိုဆွေးနွေးမှုတွေနဲ့အတူ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုတွေကတစ်ဆင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒီတော့ ကျွန်တော့်အနေနဲ့ အထက်မှာပြောခဲ့တဲ့ ကလျာဏမိတ္တဆိုတဲ့စကားကို ပြန်ဆက်ရရင် CLMV အဖွဲ့ဆိုတာ ကိုယ်တိုင်လည်းမိတ်ကောင်းဆွေကောင်းဖြစ်ပေးဖို့ ကြိုးစားကြသလို ကလျာဏမိတ္တကို ရှာဖွေပေါင်းသင်းဖို့ ဆန္ဒပြင်းပြကြသူတွေဖြစ်တာကို တွေ့ရပါတယ်။

ဒါကြောင့် ကလျာဏမိတ္တဆိုတာ လောကကောင်းကျိုးအတွက် မရှိမဖြစ် လိုအပ်တဲ့အရာဖြစ်တာနဲ့အညီ CLMV အဖွဲ့ဝင်နိုင်ငံတွေဟာလည်း တစ်ဦးနဲ့တစ်ဦး မိတ်ကောင်းဆွေကောင်းတွေအဖြစ် ပေါင်းသင်းဆက်ဆံခြင်းအားဖြင့် ကလျာဏမိတ္တကို အကြောင်းပြုလို့ စည်းလုံးညီညွတ်မှုနဲ့အတူ သာယာဝပြောသော အသိုက်အဝန်းဆီသို့ ဆက်လက်လျှောက်လှမ်းသွားနိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အိန္ဒိယနိုင်ငံမှ သတင်းသုံးသပ်သူ Mr. Atul Aneja အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် အိန္ဒိယနိုင်ငံမှ သတင်းသုံးသပ်သူ Mr. Atul Aneja အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ- အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပကတိဖြစ်ရပ်မှန်သတင်းများ ထုတ်ပြန်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံစလုံးသည် အနောက်အုပ်စုလွှမ်းမိုးထားသော ခေတ်သစ်ကမ္ဘာကြီး၏ မီဒီယာသားကောင် ဖြစ်နေရသည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား မီဒီယာကဏ္ဍသာမက ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




# ရာဂီတိုင်ဖွန်းမုန်တိုင်း သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံရသောဒေသများအတွက် ရုရှား-မြန်မာ စီးပွားရေးကောင်စီက အမေရိကန်ဒေါ်လာ ၅၀၀၀ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၆**

ရာဂီတိုင်ဖွန်း မုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် ရုရှား-မြန်မာစီးပွားရေးကောင်စီ (Russian-Myanmar Business Council- RMBC) က လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၀၀၀ ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့် အသင်းဝင်များက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ လာရောက်ပေးအပ် လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# မစ္စတာ ကျိန်းမနက်သ် အား မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၇**

မစ္စတာ ကျိန်းမနက်သ်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ကမ္ဘောဒီးယားနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ကျိန်းမနက်သ်ကို ၁၉၇၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် သြစတြေးလျနိုင်ငံ Queensland တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။ တာဝန်ထမ်းဆောင်မှုများအဖြစ် ၁၉၉၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အထိ ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် ဒုတိယညွှန်ကြားရေးမှူးအထိ လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကူဝိတ်နိုင်ငံရှိ ကမ္ဘောဒီးယားနိုင်ငံ သံရုံးတွင် သံရုံးဒုတိယအကြီးအကဲ/ သံမှူးအဖြစ် လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လာအိုနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အထိ အာရှပစိဖိတ်ဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစတင်၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

**သတင်းစဉ်**



# သံအမတ်ကြီး ဦးသစ်လင်းအုန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ဗလာဒီမီရိုဗစ်ချ် ပူတင်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

# မစ္စတာ ဘွန်ဖီယန် ကျန်ထဝုန် အား မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၇**

မစ္စတာ ဘွန်ဖီယန် ကျန်ထဝုန်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် လာအိုနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဘွန်ဖီယန် ကျန်ထဝုန် ကို ၁၉၇၅ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၇ ခုနှစ်တွင် လာအိုအမျိုးသားနိုင်ငံရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုတက္ကသိုလ်မှ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ မြန်မာဘာသာစကားအထူးပြုဖြင့် ဒီပလိုမာကို ရရှိခဲ့ကာ ၂၀၁၇ ခုနှစ်တွင် လာအိုအမျိုးသားတက္ကသိုလ်မှ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဘာသာရပ်ဖြင့် မဟာဘွဲ့ကို ရရှိခဲ့သည်။ တာဝန်ထမ်းဆောင်မှုများအဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန စာချုပ်များနှင့်ဥပဒေရေးရာဌာနတွင် လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ရန်ကုန်မြို့ရှိ လာအိုနိုင်ငံသံရုံးတွင် လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန လာအိုအမျိုးသားနယ်နိမိတ်ကော်မတီရုံးတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်များထမ်းဆောင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ယနေ့အချိန်အထိ လာအိုအမျိုးသားနယ်နိမိတ်ကော်မတီရုံးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်း ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MG ZS EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ 99 Myanmar Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC AION Y YOUNGER အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် T & Z Finance Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (၂) နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏(၂)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ "မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်တည်မည်-MDD" မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံရှိ ပုဂ္ဂလိကမီဒီယာကဏ္ဍ ရှင်သန်တိုးတက်ပြီး နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် စတုတ္ထမဏ္ဍိုင်ပီသစွာ အထောက်အကူပြုပေးနိုင်ရန် ရည်ရွယ်ချက်ကောင်းများနှင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

မီဒီယာသည် အလွန်သြဇာကြီးမားသည့်အလျောက် ယနေ့ကမ္ဘာ့နိုင်ငံများ၏ နေ့စဉ် လူနေမှုဘဝကိုပင် ပုံဖော်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ လူသားတို့၏ နေ့စဉ်ဘဝတွင် စားဝတ်နေရေးအပြင် သတင်းအချက်အလက်ရရှိရေးသည် လိုအပ်ချက်တစ်ခု ဖြစ်လာကြောင်း၊ ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်ပလက်ဖောင်းကို အသုံးပြုပြီး သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိသည့်အတွက် နိုင်ငံတော်နှင့် ပြည်သူများအကျိုးကို ရှေးရှုကာ ဝိုင်းဝန်းထိန်းသိမ်းပေးရန်နှင့် သတင်းမှန်များ ဖြန့်ချိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်းများနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးများ ဆောင်ရွက်နေသကဲ့သို့ ဒေသတွင်းမိတ်ဖက်နိုင်ငံများအထိ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် သတင်းအချက်အလက်များကို ရှင်းလင်းတင်ပြနေသည်ကို တွေ့မြင်ရကြောင်း၊ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရင်း (၂)နှစ်ပြည့်မှသည် နောင်နှစ်ပေါင်းများစွာအထိ ဆက်လက်ချီတက်လျှောက်လှမ်းရင်း မိမိတို့ဌာန၏ ပုံရိပ်ကို အကောင်းဆုံးမြှင့်တင်ပေးနိုင်ကြရန် ဆုမွန်ကောင်းတောင်းလိုပါကြောင်း ပြောကြားသည်။




ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်းအားကစားသမားများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် "စွဲမက်ဖွယ်ရာ ပြည်မြန်မာ" Short Video ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် ဦးစီးအရာရှိနှင့် ဌာန Logo တံဆိပ် တီထွင်ဖန်တီးပေးခဲ့သည့် ညွှန်ကြားရေးမှူးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာတင်က ဝန်ထမ်းများကို စားသုံးဆီ တစ်ပိဿာစီ ထောက်ပံ့ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် တက်ရောက်လာကြသူများနှင့် နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း Gender/ CEDAW/ NSPAW/ AGMSF/ UNSCR 1325 အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်






**နေပြည်တော် နိုဝင်ဘာ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကျင်းပသည့် Gender/ CEDAW/ NSPAW/ AGMSF/ UNSCR 1325 အသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့အောက်ရှိ ဦးစီးဌာနများမှ သင်တန်းသားသင်တန်းသူ ၃၆ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ကမ္ဘာတစ်ဝန်းလုံးတွင် ဆောင်ရွက်နေကြသည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီး အခွင့်အရေးများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်နေသည့် Gender/ CEDAW/ NSPAW/ AGMSF/ UNSCR 1325 လုပ်ငန်းစဉ်များကို သိရှိစေရန်နှင့် မိမိတို့ဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခြင်း ဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂက ချမှတ်ထားသည့် Sustainable Development Goals စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်အမှတ်(၅)ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း၊ ကျား၊ မ ရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ကဏ္ဍစုံတွင် ပါဝင်ဆောင်ရွက်စေရန်နှင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား အမျိုးသမီးများ၏ အခွင့်အရေးများကို ချိတ်ဆက်မှုကောင်းကောင်းဖြင့် ပိုမိုမြှင့်တင်ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့်လည်း သင်တန်းမှရရှိသည့် ဗဟုသုတများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒ၊ မဟာဗျူဟာ၊ ပင်မလုပ်ငန်း အစီအစဉ်များနှင့် စီမံကိန်းများတွင် ကျား၊ မ ရေးရာကို စနစ်တကျ ထည့်သွင်းစဉ်းစားရေးဆွဲကြရန်၊ သင်တန်းတွင် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးသွားကြစေလိုကြောင်းနှင့် ယခုဖွင့်လှစ်သောသင်တန်းမှ ရရှိသည့် ဗဟုသုတ၊ အသိပညာများကို လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သင်ခန်းစာများ ရှင်းလင်းဆွေးနွေးခြင်း၊ အပြန်အလှန်မေးမြန်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး သင်တန်းကို နှစ်ရက်တာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ထားဝယ်မြို့၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ထားဝယ် နိုဝင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ထားဝယ်ပညာရေးဒီဂရီကောလိပ်တို့ပူးပေါင်း၍ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ညနေ ၃ နာရီက ထားဝယ်မြို့ ထားဝယ်ပညာရေးဒီဂရီကောလိပ် တိက္ခပညာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းနိုင်က မြန်မာနိုင်ငံ ဒီရေတောများအကြောင်း၊ ဒီရေတောနှင့်ကမ်းရိုးတန်းဂေဟစနစ်ဝန်ဆောင်မှုများ၊ ဒီရေတောများ ပျက်စီးရသည့်အကြောင်းရင်းများ၊ ဒီရေတောများ စီမံအုပ်ချုပ်သည့်နည်းလမ်းများအား အသိပညာပေး ဟောပြောသည်။



ထို့နောက် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်ကိုဦးက မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အချက်များ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ Fire Hotspot များ၏ အကြောင်းရင်းများကို အသိပညာပေးဟောပြောပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းအောင်က ရာသီဥတုပြောင်းလဲလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းအား လျှော့ချရမည့်နည်းလမ်းများ၊ သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းဖြင့် ရာသီဥတုကောင်းမွန်လာစေခြင်းစသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဟောပြောပွဲသို့ ထားဝယ်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နီနီသန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**❖ လေဗာကူဆင်မှ**

လီဗာပူးအသင်းဟာ ချန်ပီယံလိဂ်ပွဲစဉ်(၄)အပြီးမှာ လေးပွဲစလုံး အနိုင်ရရှိခဲ့တာကြောင့် ရမှတ် ၁၂ မှတ်နဲ့ ဇယားထိပ်မှာ ဦးဆောင်နေတာဖြစ်ပါတယ်။ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ ပီအက်စ်ဗွီက ဂျီရိုနာကို လေးဂိုး-ဂိုးမရှိ၊ ဒိုင်နမိုဇာဂရက်က ဆလိုဗန်ကို လေးဂိုး-တစ်ဂိုး၊ မိုနာကိုက ဘိုလော့ဂ်နာကို တစ်ဂိုး-ဂိုးမရှိ၊ ဒွေါမွန်က စတမ်းကို တစ်ဂိုး-ဂိုးမရှိ၊ ဆဲလ်တစ်က လိုက်ပ်ဇစ်ကို သုံးဂိုး-တစ်ဂိုး၊ အေစီမီလန်က ရီးယဲလ်မက်ဒရစ်ကို သုံးဂိုး-တစ်ဂိုး၊ စပို့တင်းက မန်စီးတီးကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး လိုင်လီနဲ့ ဂျူဗင်တပ်တို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ချန်ပီယံလိဂ်ဘုရင်လို့တင်စားခံထားရတဲ့ ရီးယဲလ်မက်ဒရစ်ဟာ အေစီမီလန်ကို ရှုံးနိမ့်ခဲ့လို့ အမှတ်ပေးဇယားအဆင့် ၁၇ နေရာမှာ ရပ်တည်နေပြီး စပို့တင်းကို ရှုံးနိမ့်ခဲ့တဲ့ မန်စီးတီးကတော့ အဆင့်(၆) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# Asia Buddhist Summit 2024 အစည်းအဝေးသို့ သီတဂူအဓိပတိဆရာတော်ကြီး တက်ရောက်

**နယူးဒေလီ နိုဝင်ဘာ ၆**

International Buddhist Confederation ၏ ဖိတ်ကြားချက်အရ အဘိဓဇ မဟာရဋ္ဌဂုရု သောဋ္ဌသမ ရွှေကျင်သာသနာပိုင် သီတဂူ အဓိပတိဆရာတော်ကြီးသည် ဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာအနှံ့ ပြန့်ပွားစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ အသောကဟိုတယ်၌ ကျင်းပသော ပထမအကြိမ် Asia Buddhist Summit 2024 သို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ အိန္ဒိယနိုင်ငံ သမ္မတ၊ ယဉ်ကျေးမှုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးနှင့် နိုင်ငံပေါင်း ၃၀ ကျော်မှ ဖိတ်ကြားထားသော ဘာသာရေး ခေါင်းဆောင်များ၊ ပါမောက္ခများ၊ ပညာရှင်များ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ သီတဂူအဓိပတိဆရာတော်ကြီးက ဘုရားပန်းကပ်ခြင်း၊ ဆီမီးထွန်းခြင်းများ ပြုလုပ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆရာတော်ကြီးက Recognition of Pali as a Classical Indian Language အကြောင်း မြွက်ကြားတော်မူပြီး ညနေပိုင်းတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

ဓာတ်ပုံ– Sitagu Aung Than Win




# ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ တောင်သူများအား ဆောင်းသီးနှံမတ်ပဲနှင့် နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ ကွင်းအမှတ် (၁၆၂၃) ရှိ ယာယီရှင်းလင်းဆောင်၌ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ကေများအတွက် ဆောင်းသီးနှံ မတ်ပဲနှင့် နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်သည်။



အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထိခိုက်ပျက်စီးခဲ့သည့် လယ်ယာမြေများတွင် ရာသီသီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ရေး၊ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး၊ သီးထပ်စွမ်းအားများ တိုးတက်လာစေရေးနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့ကို ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ထိခိုက်ပျက်စီးခဲ့သည့် လယ်ယာမြေများတွင် ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေမှုနှင့် တိုးတက်ရေး လယ်ယာကဏ္ဍဖွံ့ဖြိုး လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး ဆောင်းသီးနှံ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နေကြာနှင့် မတ်ပဲမျိုးစေ့များကို တောင်သူများထံ ထောက်ပံ့ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တောင်သူများနှင့်အတူ ဘဲကုန်းကျေးရွာ ကွင်းအမှတ် (၁၆၂၃) ရှိ စိုက်ဧရိယာ သုည ဒသမ ၅၀ ပေါ်တွင် ရေကြီးနစ်မြုပ်ပြီး သဲနုန်းဖုံးလွှမ်းသွားသော လယ်မြေများတွင် လက်တွေ့စမ်းသပ်စိုက်ကွက်၌ စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲပုပ်၊ ဂျုံနှင့် နေကြာသီးနှံများ စမ်းသပ်စိုက်ပျိုးထားရှိမှု၊ သပြေကုန်းကျေးရွာ ကွင်းအမှတ် (၁၆၄၃) စိုက်ဧရိယာ ခုနစ်ဧကပေါ်တွင် TBL မျိုးစေ့ထုတ်ကုမ္ပဏီက စိုက်ပျိုးထုတ်လုပ်ထားသည့် မျိုးစေ့များကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# “ White Dragon” လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် နိုဝင်ဘာ ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် “White Dragon” လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို နိုဝင်ဘာ ၁၁ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် နိုဝင်ဘာ ၁၁ ရက် (တနင်္လာနေ့) တွင် ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇီးကုန်းမြို့နယ်၌ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်

**ဇီးကုန်း နိုဝင်ဘာ ၆**

လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံအမျိုးအစားအလိုက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည့် ထူးချွန်တောင်သူများနှင့် သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအားတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ကျေးရွာအုပ်စုများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က သီးနှံအမျိုးအစားအလိုက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည့် ထူးချွန်တောင်သူများနှင့် သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအားတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့်တောင်သူတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၆) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်း အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



ထိုသို့လှူဒါန်းရာတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ စုစုပေါင်း ၁၉ ဦးတို့က သွေးအိတ် ၁၉ အိတ် လှူဒါန်းခဲ့ပြီး သွေးလှူဒါန်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်နှင့် တာဝန်ရှိသူများက အာဟာရဖြည့်အစားအစာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မလမ်းတွင် တည်ဆောက်လျက်ရှိသော အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝဇီရသာသနဗိမာန်တော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၀ သိန်းကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

# အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရမ့် အနိုင်ရရှိ

**ဝါရှင်တန် နိုဝင်ဘာ ၆**

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်သည် ထောက်ခံမဲ ၅၁ ရာခိုင်နှုန်းရရှိကာ ပြိုင်ဘက် ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ကင်မလာဟဲရစ်အား အနိုင်ရရှိပြီး အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက် သမ္မတဖြစ်လာကြောင်း သိရသည်။

**ထောက်ခံမဲ ၄၇ ရာခိုင်နှုန်းရရှိ**

ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ကင်မလာဟဲရစ်သည် ထောက်ခံမဲ ၄၇ ရာခိုင်နှုန်းရရှိခဲ့သည်။

ဒေါ်နယ်ထရမ့်သည် နိုဝင်ဘာ ၆ ရက်တွင် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ West Palm Beach ကွန်ဗင်းရှင်းစင်တာ၌ အောင်ပွဲခံမိန့်ခွန်းကို ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲ ထောက်ခံမဲပေါင်း ၅၃၈ မဲ၏ ထက်ဝက်ကျော်ရရှိသော ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲတွင် အနိုင်ရရှိမည်ဖြစ်သည်။




ထရမ့်သည် ထောက်ခံမဲ ၂၇၉ မဲ (၅၁ ရာခိုင်နှုန်း) ရရှိကာ ကင်မလာဟဲရစ်သည် ၂၂၃ မဲ (၄၇ ရာခိုင်နှုန်း) ရရှိခဲ့ကြောင်း သိရသည်။

၎င်းအား ၄၅ ဦးမြောက် သမ္မတအဖြစ်နှင့် ၄၇ ဦးမြောက် သမ္မတအဖြစ် ရွေးချယ်ထောက်ခံမဲပေးခဲ့သည့် အမေရိကန်ပြည်သူများကို ကျေးဇူးတင်ကြောင်း ထရမ့်က ပြောသည်။ ထို့ပြင် အမေရိကန်နိုင်ငံကို ပြန်လည်ကြီးကျယ်ခမ်းနားစေရန် ပြုလုပ်သွားမည်ဖြစ်ကြောင်း ထရမ့်က ကတိပြု ပြောကြားသည်။

အိမ်ရာများ ပိုမိုတည်ဆောက်ပေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးဥပဒေကို တင်းကျပ်ခြင်း၊ ပြည်သူများအတွက် အခွန်အခများလျှော့ချကောက်ခံခြင်း၊ ကုန်သွယ်မှုအတွက် အကောက်ခွန်စည်းကြပ်မှုကို တိုးမြှင့်ခြင်း၊ ပညာရေး၊ လူမှုဖူလုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ရာသီဥတုနှင့်စွမ်းအင်၊ အလုပ်သမားအခွင့်အရေးနှင့် နိုင်ငံတော်လုံခြုံရေးနှင့် ကမ္ဘာ့နိုင်ငံများအကြား အမေရိကန်၏အခန်းကဏ္ဍ ပိုမိုကျယ်ပြန့် တိုးတက်လာစေရေးစသည့် ကိစ္စရပ်များကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထရမ့်က ကတိပြုပြောကြားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# အစ္စရေးကာကွယ်ရေးဝန်ကြီး ရာထူးမှ ထုတ်ပယ်ခံရ

**ဂျေရုဆလင် နိုဝင်ဘာ ၆**

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ကာကွယ်ရေးဝန်ကြီး ယို့ဗ်ဂေါလန့်ကို ရာထူးမှ ယမန်နေ့တွင် ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့်လအနည်းငယ်အတွင်း ဂါဇာအရေးနှင့်ပတ်သက်ပြီး ၎င်းနှင့် ဂေါလန့်တို့အကြား သဘောထားချင်းမတိုက်ဆိုင်သည့်အတွက် ရာထူးမှ ဖယ်ရှားခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်နေတန်ယာဟုက ယမန်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အစ္စရေးနိုင်ငံ၏ လုံခြုံရေးသည် ၎င်း၏ တာဝန်ဖြစ်ခဲ့သည့်အတိုင်း အနာဂတ်ကာလများတွင်လည်း နိုင်ငံ၏ လုံခြုံရေးအတွက် အစဉ်အမြဲ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဂေါလန့်က လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့ကြောင်း သိရသည်။

၎င်းတို့နှစ်ဦးသည် ဂါဇာကမ်းမြောင်ဒေသအရေးနှင့်ပတ်သက်ပြီး သဘောထားကွဲလွဲမှုများ ရှိသည်။ ဓားစာခံများ လွတ်မြောက်ရေးအတွက် ဟားမတ်စ်နှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးရာတွင် လိုက်လျောမှုများ ပြုလုပ်ရန် လိုအပ်ကြောင်း ဂေါလန့်က အကြံပြုပြောကြားသော်လည်း နေတန်ယာဟုက တင်းမာသော ရပ်တည်ချက်တစ်ရပ်ကို ခံယူထားကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီး ယို့ဗ်ဂေါလန့်၏ ရာထူးနေရာတွင် နိုင်ငံခြားရေးဝန်ကြီး အစ္စရေးခတ်ဇ်ကို အစားထိုးခန့်အပ်သွားမည်ဖြစ်ကြောင်း နေတန်ယာဟုက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ၌ (၇) ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ပြပွဲ ကျင်းပ

**ရှန်ဟိုင်း နိုဝင်ဘာ ၆**




တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် (၇)ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန် ပြပွဲကို နိုဝင်ဘာ ၅ ရက်မှ စတင်၍ ကျင်းပခဲ့ကြောင်း ယနေ့ ဆင်ဟွာ သတင်းအရ သိရသည်။

နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပသည့် အဆိုပါပြပွဲသို့ တရုတ်ဝန်ကြီးချုပ် လီချန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါပြပွဲတွင် နိုင်ငံနှင့် ဒေသပေါင်း ၁၂၉ ခုမှ ကုမ္ပဏီပေါင်း ၃၅၀၀ ခန့် ဝင်ရောက်ပြသကြသည်။

တရုတ်နိုင်ငံသည် နိုင်ငံတကာအခြေအနေများ မည်ကဲ့သို့ပင်ပြောင်းလဲစေကာမူ ကမ္ဘာ့နိုင်ငံများအား တံခါးဖွင့်လှစ် ကြိုဆိုလျက်ရှိကြောင်း (၇)ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ပြပွဲတွင် ဝင်ရောက်ပြသသည့် လုပ်ငန်းရှင်များအား တွေ့ဆုံပွဲအခမ်းအနားတွင် ဝန်ကြီးချုပ်လီချန်းက ပြောကြားသည်။

နိုင်ငံတကာမှ လုပ်ငန်းများသည် တရုတ်နိုင်ငံဈေးကွက်အပေါ်တွင် အပြုသဘောဆောင်သည့် အမြင်ရှိပြီး တရုတ်နိုင်ငံတွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်နေကြကြောင်း ဝန်ကြီးချုပ်လီချန်းက ထပ်လောင်းပြောကြားသည်။ လက်ရှိအချိန်တွင် ကမ္ဘာ့စီးပွားရေး ကျဆင်းလျက်ရှိသော်လည်း တရုတ်နိုင်ငံရှိ စီးပွားရေး ဈေးကွက်များမှာ တည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်မှုရှိသည်ကို တွေ့မြင်ရကာ ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီများသည် တရုတ်နိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ရန် ဦးစားပေး ရွေးချယ်နေကြသည်ကို တွေ့ရှိရကြောင်း ဝန်ကြီးချုပ်လီချန်းက မှတ်ချက်ပြု ပြောကြားသည်။ တရုတ်နိုင်ငံနှင့် နိုင်ငံတကာမှ လုပ်ငန်းရှင်များ လက်တွဲ၍ ကမ္ဘာလုံးဆိုင်ရာစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်အထောက်အကူပြုသွားမည်ဖြစ်ပြီး နည်းပညာနှင့် စက်မှုလုပ်ငန်း မြှင့်တင်မှုများမှတစ်ဆင့် ကမ္ဘာ့စီးပွားရေးမောင်းနှင်အားကို မြှင့်တင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် လီချန်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တရုတ်နိုင်ငံ အရှေ့ပိုင်း၌ လျှပ်စစ်ကုန်တင်သင်္ဘောများတည်ဆောက်

**ပေကျင်း နိုဝင်ဘာ ၆**

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒီပြည်နယ်ရှိ သင်္ဘောကျင်း၌ ကုန်အလေးချိန် တန်တစ်သောင်း တင်ဆောင်နိုင်သည့် လျှပ်စစ်ကုန်တင်သင်္ဘောနှစ်စင်းကို စတင်တည်ဆောက်လျက်ရှိကြောင်း တရုတ်နိုင်ငံ၏ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက နိုဝင်ဘာ ၆ ရက်တွင် ပြောကြားသည်။

ယခုကဲ့သို့ လျှပ်စစ်စွမ်းအင်သုံး ကုန်တင်ပင်လယ်ကူးသင်္ဘောများ တည်ဆောက်ခြင်းသည် တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ကာဗွန်ထုတ်လွှတ်မှု သုညအဆင့်ရောက်ရှိရေးအတွက် ကနဦးခြေလှမ်း ဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၆၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှုကင်းစင်ရေးရည်မှန်းချက်ထားရှိဆောင်ရွက်နေသည်။ ယင်းသင်္ဘောများအား ဆိပ်ကမ်းတွင် ဝင်ရောက်ဆိုက်ကပ်သည့် အချိန်တွင် အလွယ်တကူ လျှပ်စစ်ဓာတ်အား ဖြည့်သွင်းနိုင်ပြီး ရေပြင်ပေါ်ရှိ သင်္ဘော၏ တည်နေရာဆိုင်ရာ အချက်အလက်များအပြင် သွားလာခဲ့သည့် ခရီးအကွာအဝေးများကို အလိုအလျောက်တွက်ချက်နိုင်သည့်စနစ်များကို ထည့်သွင်းထားကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်သင်္ဘောများသည် ၂၀၂၆ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဗီယက်နမ်နိုင်ငံသို့ ယခုနှစ် ပထမ ၁၀ လအတွင်း နိုင်ငံတကာခရီးသွား ၁၄ ဒသမ ၁ သန်းလာရောက်

**ဟန္တိုင်း နိုဝင်ဘာ ၆**

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ် ပထမ ၁၀ လအတွင်း နိုင်ငံတကာခရီးသွား ၁၄ ဒသမ ၁ သန်းလာရောက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၄၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ဗဟိုစာရင်းအင်းရုံးက နိုဝင်ဘာ ၆ ရက်တွင် ပြောကြားသည်။

အဆိုပါကာလအတွင်း ဗီယက်နမ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် လာရောက်သည့် ခရီးသွား ၁၂ သန်းခန့်ရှိခဲ့ပြီး နိုင်ငံအတွင်း စုစုပေါင်း လာရောက်သူ ခရီးသွားများ၏ ၈၄ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။ နိုင်ငံတကာခရီးသွားများအနက် အာရှဒေသမှလာရောက်သူ ၁၁ ဒသမ ၂ သန်းကျော်ရှိကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံသို့ လာရောက်သည့် ခရီးသွားအရေအတွက် များပြားလာရခြင်းမှာ ပြည်ဝင်ခွင့်ဗီဇာများ ဖြေလျှော့မှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်များကို စနစ်တကျဆောင်ရွက်ခြင်းကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယခုနှစ်တွင် နိုင်ငံအတွင်း နိုင်ငံတကာခရီးသွား ၁၈ သန်း လာရောက်ရေး ရည်မှန်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍ လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက် လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက် ရှိသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း သတင်းရရှိမှု ၅၃ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ၂၁ ကြိမ်၊ နောက်ကျသတင်းနှစ်ကြိမ်နှင့် ဖမ်းဆီးရမိမှုအကြိမ်




၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း သိမ်းဆည်းရမိမှု။

၃၀ ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၈၂ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၃၃ မျိုးအပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂ ဒသမ ၄၃၂သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့်ယာဉ်များအပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များ သိမ်းဆည်းရမိခဲ့သည်။

အောက်တိုဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း သိမ်းဆည်းရမိမှုတန်ဖိုးငွေကျပ် ၂၁၂ ဒသမ ၄၃၂ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၄၂၄ ဒသမ ၄၈၆ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဆုချီးမြှင့်ရန် လျာထားငွေကျပ် ၂၃၉ ဒသမ ၃၇၄ သန်းကိုလည်း သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန် ဆုချီးမြှင့် နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉-၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၆**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၄ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံး အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၈၂၀၀၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပို ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၈၀၀၀၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး(ခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်း



မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

တန်ဖိုးငွေကျပ် ၂၀၃၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၅ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် မင်းဘူးခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ် တစ်စီးနှင့် ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၁၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ချောက်မြို့ အုံမြားစုရပ်ကွက်၌ တရားမဝင်ရေနံစိမ်း ၁၆၅ ဂါလန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇၇၅၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၆၆၇၇၅၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ်၌ လိုင်စင်မဲ့ Sino Truck ယာဉ်တစ်စီးနှင့် Toyota Wish ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ လှည်းကူးမြို့နယ် စံပြကျေးရွာ အနီး၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၇၅၄ တန်၊ အခြားသစ် သုည ဒသမ ၀၆၀ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၉၉၅၅၂) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၈၂၁၉၉၅၅၂ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စဉ့်ကိုင်တိုးဂိတ်အကျော်၌ အေးသာယာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၈၇၅၀၀၀)နှင့် အဆိုပါပစ္စည်း များ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ် ၃၆၀ ၌ ယာဉ်တစ်စီးပေါ်မှတရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပို ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈၇၇၃၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Zhone Tong Bus တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၆၄၈၀၀၀ ကို သိမ်းဆည်းရမိ ခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်း သုံးပစ္စည်းခြောက်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၂၄၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသည့် Foton Auman Truck တစ်စီးနှင့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၇၂၄၈၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိ သည်။

ထို့အတူ နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေး မှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူ ခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့၌ တရားမဝင်ကျွန်းသစ် ၉ ဒသမ ၉၂၉ တန်၊ သစ်မာ ၂ ဒသမ ၈၉၅ တန်၊ အခြားသစ် ၅ ဒသမ ၇၃၀ တန် စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ်၁၂၀၁၀၅၄၄ ကိုသိမ်းဆည်း ရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိ သည်။

နိုဝင်ဘာ ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၁၈၀၁၅၅၉၆)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှု များကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည် လုပ်ငန်းရှင်များအတွက် ထိခိုက် နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင် နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ် စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်း များနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှု များအား သက်ဆိုင်ရာတာဝန်ရှိသူ များက ယခုထက် ပိုမိုတားဆီး စစ်ဆေး ကြပ်မတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးများကို တရုတ်ယောကျ်ားနှင့်လက်ထပ်ရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန်စီစဉ်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၆**

အမျိုးသမီးများကို တရုတ်ယောကျ်ားနှင့် လက်ထပ်ရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၃၀ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်နေ ဒေါ်ချိုချိုစန်းက ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နေ မ---၊ ၃၀/၂၀၂၄ နှစ်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နေ မ---၊ ၁၅/၂၀၂၄ နှစ်နှင့် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နေ မ---၊ ၂၃/၂၀၂၄ နှစ်တို့ သုံးဦးကို တရုတ်ယောကျ်ား ယူပါက ငွေကျပ်သိန်း ၁၀၀ ရရှိမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ရောက်ရှိမှသာ မိဘများထံသို့ ငွေများလွှဲပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင် ရောင်းစားရန် စီစဉ်ခဲ့သဖြင့် ပုသိမ်ကြီး မြို့နယ် အုန်းချောနယ်မြေရဲစခန်း (ပ)၇၀/၂၀၂၄၊ (ပ) ၇၁/၂၀၂၄၊ (ပ)၇၂/၂၀၂၄ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ တို့ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ အောင်မြေသာစံ ခရိုင်တရားရုံးမှ နိုဝင်ဘာ ၅ ရက်တွင် တရားခံဒေါ်ချိုချိုစန်းအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ တစ်မှုလျှင် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီဖြင့် စုစုပေါင်း နှစ် ၃၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် **"Amplifying the leadership of persons with disabilities for an inclusive and sustainable future"**ကို **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"** ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ၊
(ခ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊
(ဂ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊
(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊
(င) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊
(စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက် ( ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ နေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏ အဓိပ္ပာယ်)
(ဆ) မသန်စွမ်းသူများ၏အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ SDGs နှင့် ချိတ်ဆက်နေကြောင်း ရှင်းလင်းတင်ပြချက်၊
(ဇ) အကြံပြုချက်များ၊
(ဈ) သတ်မှတ်ချက် - ပြိုင်ပွဲဝင်ဆောင်းပါးသည် ကွန်ပျူတာဖြင့် ဆိုပါက Pyidaungsu Font 13 ဖြင့် A4 (၄) မျက်နှာထက် မပိုစေရ၊ လက်ရေးစာမူဖြစ်ပါက A4 (၆) မျက်နှာထက်မပိုစေရ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၁၄-၁၁-၂၀၂၄)ရက်၊ ကြာသပတေးနေ့၊ ညနေ(၁၆:၀၀) နာရီအထိ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို ဆောင်းပါး(စာမူ)စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရှိ အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ငပုတောမြို့နယ် ရွှေမြကွင်း အခြေခံပညာအလယ်တန်းကျောင်းနှင့် ငပုတောမြို့ အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောင်းစာကြည့်တိုက်သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ ကျောင်းစာကြည့်တိုက်ကို အကျိုးရှိထိရောက်အောင် အသုံးပြုနိုင်ရေးဆောင်ရွက်ရန်၊ ဘာသာရပ်အလိုက် စာအုပ်များ ပြည့်စုံစွာထားရှိရန်မှာကြားကာ ကျောင်းစာကြည့်တိုက်စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ငပုတောမြို့နယ်ပညာရေးမှူးရုံး ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အဆောက်အအုံ အရည်အသွေးကောင်းမွန်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး၊ သတ်မှတ်ချိန်ကာလအတွင်းပြီးမြောက်ရေးတို့ကို မှာကြားကာ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ငပုတောမြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း (တောင်ပိုင်း)၊ သမ္ဘာဒေဝကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)၊ တောင်ကလေး အခြေခံပညာအထက်တန်းကျောင်းနှင့် ကျုံကူးအခြေခံပညာအထက်တန်းကျောင်းတို့သို့သွားရောက်ကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားသည်။

ထို့နောက် ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာများ၊ တည်ဆောက်ရေး၊ ကျောင်းဆောင်ပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအေးကျော် တောင်ကြီးမြို့နှင့် ကလောမြို့တို့ရှိ ၁၃၂ ကေဗွီ ပင်မဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ၁၃၂ ကေဗွီ တောင်ကြီးပင်မဓာတ်အားခွဲရုံသို့ သွားရောက်ပြီး အသစ်တိုးချဲ့တည်ဆောက်နေသည့် ၁၃၂/ ၆၆/ ၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာနှင့် ၆၆ ကေဗွီ Switch Bay များကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများကို တွေ့ဆုံအားပေးစကားပြောကြား၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ကလောမြို့ရှိ ၁၃၂ ကေဗွီ ကလောပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဆွစ်ယာဒ်အတွင်း ထရန်စဖော်မာနှင့် ဓာတ်အားလွှတ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တာဝန်ရှိသူများက ၆၆ ကေဗွီ နောင်တရားဓာတ်အားခွဲရုံအသစ်အတွက် Switch Bay အသစ်တိုးချဲ့တည်ဆောက်ရန် စီမံဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ရှိ ၆၆ ကေဗွီ ရမည်းသင်း ဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာက ၃၃ ကေဗွီ မြို့မ ဓာတ်အားခွဲရုံမှ ခရိုင်အတွင်း ဓာတ်အားဖြန့်ဖြူးပေးထားမှုနှင့် ဓာတ်အားခွဲရုံဆိုင်ရာများ၊ ၆၆ ကေဗွီ ရွှေမြို့-ရမည်းသင်း ဓာတ်အားလိုင်းအသစ်နှင့် ဆွစ်ယာဒ်အတွင်း ၆၆ ကေဗွီ ဓာတ်အားခွဲရုံအသစ်တည်ဆောက်ပြီးစီးနေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းများပြီးစီး၍ ရွှေမြို့ပင်မဓာတ်အားခွဲရုံမှ ပို့လွှတ်လာမည့် ၆၆ ကေဗွီဓာတ်အားကို လက်ခံဖြန့်ဖြူးနိုင်ရေး လိုအပ်သည့်စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ထားရှိရန်၊ ဓာတ်အားခွဲရုံနှင့် ရုံးဝင်းအတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေး ပုံမှန်ဆောင်ရွက်ထားရှိရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကန်ကြီးထောင့်မြို့နယ် မြို့မဈေးသစ်တွင် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်



**ကန်ကြီးထောင့် နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြုလုပ်သည့် မီးဘေးအန္တရာယ် ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၆ ရက် ညနေပိုင်းက အမှတ်(၁)ရပ်ကွက်ရှိ မြို့မဈေးသစ်တွင် ဆောင်ရွက်ကြသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးနှင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးထက်နိုင်ထွန်းတို့က မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွား၊ မပေါ်ပေါက်စေရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လျှပ်စစ်မီးများအသုံးပြုရာတွင် မီးဘေးလုံခြုံရေး အသိသတိဖြင့် အလေးထားလိုက်နာဆောင်ရွက်ကြရန်၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးနှင့် မီးသတ်ဆေးဘူးများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသတ်ဆေးဘူးကို အသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြိမ်းသတ်နည်း၊ ဂက်စ်မီးဖိုများ မတော်တဆမီးလောင်မှုဖြစ်ပွားပါက အရေးပေါ်ငြိမ်းသတ်နည်းများနှင့် မီးငြိမ်းသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် အသင်းလိုက်အားကစားနည်းများအတွက် ပွဲစဉ်ဇယားကြိုတင်ရေးဆွဲနိုင်ရေး အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ၂၃ နည်းမှ အသင်းလိုက်အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ ရိုးရာခြင်းလုံး၊ စားပွဲတင်တင်းနစ်၊ တင်းနစ်နှင့် ခရစ်ကက်အားကစားနည်း ၁၀ နည်းနှင့်ပတ်သက်၍ ပြိုင်ပွဲ ပွဲစဉ်ဇယား ကြိုတင်ရေးဆွဲနိုင်ရေးအတွက် အုပ်စုမဲနှိုက်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ် ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ယခု ကျင်းပမည့် အမျိုးသားအားကစားပွဲတော်သည် ၁၀ နှစ်ကျော်ကြာမှ ပြန်လည်ကျင်းပသည့် အမျိုးသား အားကစားပွဲတော်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိစေရေး၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီ အားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည် ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားကစားလာစေရေး စသည့် ဦးတည်ချက်(၅)ချက်ဖြင့် ယခု အမျိုးသား အားကစားပွဲတော်အား ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်နည်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်းနှင့် မသန်စွမ်းအားကစားနည်း လေးနည်း တို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲယှဉ်ပြိုင်ကစားရာတွင် တရားမျှတမှုရှိစေရေး၊ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် တည်းခိုနေထိုင်၊ သွားလာ၊ စားသောက်မှုနှင့် လေ့ကျင့်မှုများတွင် သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းများအတိုင်း လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ် ဆပ်ကော်မတီ အတွင်းရေးမှူးက အသင်းလိုက် အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ ရိုးရာခြင်းလုံး၊ စားပွဲတင်တင်းနစ်၊ တင်းနစ်နှင့် ခရစ်ကက် အားကစားနည်း ၁၀ နည်း တို့၏ အုပ်စုမဲနှိုက်ခြင်းများကို ဆောင်ရွက်သည်။

အဆိုပါ အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တာဝန်ခံကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အခမ်းအနားများတွင် ဝန်ဆောင်မှုပေးမည့်ဟိုတယ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၆

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ပိတ်ပွဲအခမ်းအနားတို့တွင် ဧည့်ခံကျွေးမွေးရေး ကိစ္စရပ်များ စီစဉ် ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန နီလာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဟိုတယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




အစည်းအဝေးတွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အခမ်းအနားများသို့ တက်ရောက်လာကြမည့် ဧည့်သည်များကို ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော အစားအစာများဖြင့် တည်ခင်းဧည့်ခံနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုပေးမည့် ဝန်ထမ်းများ ကူးစက်ရောဂါကင်းရှင်းရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် လုံခြုံရေးကိစ္စကို အထူးဂရုပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက် လာကြသူများက အခမ်းအနားများတွင် ဧည့်ခံကျွေးမွေးရေး အစီအစဉ်များကို ဆွေးနွေး အကြံပြုတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-ပုသိမ် ခရီးစဉ်နှင့် ရန်ကုန်-ညောင်ဦး ခရီးစဉ် အပတ်စဉ်ပြေးဆွဲမည်

နေပြည်တော် နိုဝင်ဘာ ၆

လာမည့်ပွင့်လင်းရာသီတွင် ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေတို့သို့ သွားရောက်ကြမည့် ခရီးသည်များအတွက် နိုဝင်ဘာလအတွင်း ရန်ကုန်-ပုသိမ် ခရီးစဉ်ကို အပတ်စဉ် တနင်္ဂနွေနေ့များဖြစ်သည့် ၁၀ ရက်၊ ၁၇ ရက်နှင့် ၂၄ ရက်တို့တွင်လည်းကောင်း၊ ပုဂံဘုရားဖူးထွက်လိုသော ခရီးသည်များအတွက် ရန်ကုန်-ညောင်ဦးခရီးစဉ်ကို အပတ်စဉ် ဗုဒ္ဓဟူးနေ့များဖြစ်သည့် ၁၃ ရက်၊ ၂၀ ရက်နှင့် ၂၇ ရက်နှင့် ညောင်ဦး-ရန်ကုန်ခရီးစဉ်ကို အပတ်စဉ် တနင်္လာနေ့များဖြစ်သည့် ၁၁ ရက်၊ ၁၈ ရက်နှင့် ၁၅ ရက်တို့တွင်လည်းကောင်း ပြေးဆွဲရန် မြန်မာအမျိုးသား လေကြောင်းလိုင်းမှ စီစဉ်ထားရှိကြောင်း သိရသည်။

ရန်ကုန်-ပုသိမ်ခရီးစဉ်သည် ရန်ကုန်မှ နံနက် ၁၁ နာရီခွဲတွင် ထွက်ခွာ၍ ပုသိမ်သို့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ ရန်ကုန်-ညောင်ဦး ခရီးစဉ်သည် ရန်ကုန်မှ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ ညောင်ဦးသို့ နံနက် ၇ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ ညောင်ဦး-ရန်ကုန်ခရီးစဉ်သည် ညောင်ဦးမှ ညနေ ၅ နာရီတွင် ထွက်ခွာ၍ ရန်ကုန်သို့ ည ၇ နာရီတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ခရီးစဉ်များအတွက် လေယာဉ်လက်မှတ်ဈေးနှုန်းများကို ရန်ကုန်-ပုသိမ် ခရီးစဉ် အသွားတစ်ကြောင်းစာ ငွေကျပ် ၁၆၀၀၀၀၊ ရန်ကုန်-ညောင်ဦး ခရီးစဉ် အသွားတစ်ကြောင်းစာ ငွေကျပ် ၂၉၀၀၀၀ နှင့် ညောင်ဦး-ရန်ကုန် ခရီးစဉ် အသွားတစ်ကြောင်းစာ ငွေကျပ် ၂၇၀၀၀၀ သတ်မှတ်ထားပြီး ခရီးစဉ်အား ATR 72-600 လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



(၇၇)နှစ်မြောက် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁)တပ်မတော်ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်း(တောင်ငူ)မှ အရာရှိ၊ စစ်သည်၊ ရဲမေ သင်တန်းသား ၁၂၉ ဦးတို့ နိုဝင်ဘာ ၆ ရက်က အမှတ်(၃)စစ်မြေပြင်ဆေးတပ်ရင်း၌ ဆဋ္ဌမအကြိမ်မြောက် ဒါနဥပပါရမီ ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းခဲ့ပြီး ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး အောင်ကျော်ဦးက (၈၄)ကြိမ်မြောက် သွေးလှူဒါန်းစဉ်။

သတင်းစဉ်




## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ကျိုင်းတုံမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲ ကျင်းပ


ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ဆုရရှိသူတစ်ဦးအား ဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၆

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ ကျိုင်းတုံမြို့ရှိကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကျိုင်းတုံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စာအုပ်စာစောင်များ ခင်းကျင်းပြသထားမှုနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျောင်းစာကြည့်တိုက်များသို့ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## တောင်ငူမြို့ရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ မိုးရာသီစခန်းချလေ့ကျင့်ရေးဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ မိုးရာသီ စခန်းချလေ့ကျင့်ရေးဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက နယ်မြေခံသင်တန်းကျောင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သင်ခန်းစာ သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးပြီး သင်တန်းသားစားရိပ်သာ၌ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ ယင်းနောက် သင်တန်းသားများ၏ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## အများပြည်သူပိုင်လုပ်ငန်းအစုအဖွဲ့က နိုင်ငံတော်သို့ ကျပ်သိန်း ၄၄၉၀၀ ကျော် အခွန်ဆောင်ထားနိုင်

ရန်ကုန် နိုဝင်ဘာ ၆

အများပြည်သူပိုင်လုပ်ငန်းအစုအဖွဲ့အဖြစ် လုပ်ကိုင်ရင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ၂၆ နှစ်တာကာလအတွင်း နိုင်ငံတော်သို့ အခွန်ငွေ ကျပ်သိန်း ၄၄၉၀၀ ကျော် ပေးသွင်းထားပြီးဖြစ်ကြောင်း အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်ဥက္ကဋ္ဌ ဦးရွှေကြိုင်က ပြောကြားသည်။

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းရှိ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ပြုလုပ်သော (၂၆)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



အဆိုပါအစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးနှစ်ချုပ်နှင့် စာရင်းစစ်အစီရင်ခံစာ ဖတ်ကြားခြင်း၊ အတည်ပြုခြင်း၊ စာရင်းစစ်အဖွဲ့အား ဆက်လက်ခန့်ထားခြင်း၊ ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်ဖွဲ့စည်းအတည်ပြုခြင်း၊ အစုရှယ်ယာရှင်များက မေးမြန်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ကိုထက်

## ပန်းတောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်က သမဝါယမအသင်းသားတောင်သူများသို့ နေကြာမျိုးနှင့်သွင်းအားစုများ ပေးအပ်

ပန်းတောင်း နိုဝင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်က ဆီထွက်သီးနှံ(ဆောင်းနေကြာ)စိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများသို့ နေကြာမျိုးစေ့၊ MPE ပုလဲ ဓာတ်မြေဩဇာနှင့် သွင်းအားစုများပေးအပ်ပွဲကို နိုဝင်ဘာ ၄ ရက်က မြို့နယ်သမဝါယမဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူက ဆီထွက်သီးနှံ(ဆောင်းနေကြာ)နှင့်ပတ်သက်၍ စိုက်ပျိုးမှု၊ သွင်းအားစုဓာတ်မြေဩဇာသုံးစွဲမှုနည်းစနစ်များနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ဆီထွက်သီးနှံ(ဆောင်းနေကြာ) စိုက်ပျိုးဆောင်ရွက်မှုလုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားပြီး သမဝါယမအသင်းခုနစ်သင်း၊ အသင်းသား ၂၄ ဦး၊ စိုက်ဧက ၁၃၅ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော ရေဆင်းစပ်မျိုး(၁)နေကြာမျိုး၊ MPE ပုလဲဓာတ်မြေဩဇာနှင့် သွင်းအားစုများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## အုတ်တွင်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ပျားမွေးမြူရေးဆိုင်ရာပညာရပ် လက်တွေ့သင်ကြားပို့ချ

အုတ်တွင်း နိုဝင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ညောင်ခြေထောက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ကျောင်းသား ကျောင်းသူများအား ပျားမွေးမြူရေးဆိုင်ရာပညာရပ်ကို စာတွေ့ /လက်တွေ့သင်ကြားပို့ချပေးခဲ့သည်။



**သင်ကြားပို့ချ**

အဆိုပါပျားမွေးမြူရေးပညာရပ်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ဦးစီးအရာရှိ ဦးစိုးလင်းက ပျားမွေးမြူရေးလုပ်ငန်းအကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား စာတွေ့ / လက်တွေ့ သင်ကြားပို့ချပေးခဲ့ရာ Grade-10 မှကျောင်းသား ကျောင်းသူ ၂၀၊ Grade-11 မှ ကျောင်းသား ကျောင်းသူ ၂၀ စုစုပေါင်းမွေးမြူရေး ကျောင်းသား ကျောင်းသူ ၄၀ တက်ရောက်သင်ကြားခဲ့ကြောင်းနှင့် တောင်ငူမြို့နယ်အတွင်း ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၈၅ ဦးရှိကြောင်း ပျားလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ ဂုဏ်ပြုဆောင်းပါး

# ရင်းနှီးချစ်ကြည်လက်တွဲညီ၊ တိုင်းရင်းဆေးညီလာခံဆီ

နေနေနိုင်ရည်၊ သန္တာဝင်း၊ မိုးမိုးသန်း၊ ရီရီစန်း (တိုင်းရင်းဆေးပညာဦးစီးဌာန)

> **“၂၃ နှစ်တာကာလအတွင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးနှင့် နီးနွယ်ဆက်စပ်ရာဌာနများနှင့် အသင်းအဖွဲ့များမှ ပညာရှင်များအနေဖြင့် တိုင်းရင်းဆေးညီလာခံကြီးတွင် တစ်နှစ် တစ်ကြိမ် တွေ့ဆုံခွင့်ရရှိကြသည်။ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးအသိအမှတ်ပြုနိုင်စေရန်၊ တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာရိုးရာယဉ်ကျေးမှုအမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန်စသည့် အနှစ်သာရရှိသော ရည်ရွယ်ချက်များဖြင့် ကျင်းပကြမည်”**

**တိုင်းရင်းဆေးညီလာခံခရီးစဉ်**

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကို ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၂၃)ကြိမ်မြောက် ခရီးကိုရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ဤညီလာခံခရီးစဉ်တစ်လျှောက်တွင် တိုင်းရင်းဆေးပညာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ တိုင်းရင်းဆေးနှင့် နီးနွယ်ပညာရှင်များ၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် ပြည်သူလူထုကြားတွင် တိုင်းရင်းဆေးကို ပိုမိုအားကိုးအားထားပြုလျက်ရှိကြသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့ ပြည်သူလူထု၏ အားပေးမှုနှင့်အတူ နိုင်ငံတော်ကလည်း တိုင်းရင်းဆေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှ အားပေးမြှင့်တင်ပေးလျက်ရှိရာ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကြီးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) (Myanmar International Convention Center– 2) (MICC–2) ၌ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အဆင့် ကျင်းပမည်ဖြစ်ပါသည်။

**အနှစ်သာရရှိစွာ တိုင်းရင်းဆေးညီလာခံမှာတွေ့ဆုံကြ**

ဤကဲ့သို့ ၂၃ နှစ်တာကာလအတွင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးနှင့် နီးနွယ်ဆက်စပ်ရာဌာနများနှင့် အသင်းအဖွဲ့များမှ ပညာရှင်များအနေဖြင့် တိုင်းရင်းဆေးညီလာခံကြီးတွင် တစ်နှစ် တစ်ကြိမ်တွေ့ဆုံခွင့်ရရှိကြသည်။ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးအသိအမှတ်ပြုနိုင်စေရန်၊ တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန်စသည့် အနှစ်သာရရှိသော ရည်ရွယ်ချက်များဖြင့် ကျင်းပကြမည်ဖြစ်ပါသည်။

ထို့ပြင် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ၊ နီးနှောဖလှယ်ပွဲများကိုလည်း ညီလာခံနှင့်အတူ တစ်ဆက်တည်း ကျင်းပခဲ့ကြပါသည်။ ညီလာခံနှင့်နီးနှောဖလှယ်ပွဲတွင် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဆွေးနွေးခွင့်၊ ညှိနှိုင်းခွင့်၊ ပညာရပ်ဆိုင်ရာဖလှယ်ခွင့်များ ရရှိနိုင်ကြမည်ဖြစ်ပါသည်။ ထို့ပြင် ဝါရင့်ဆေးဆရာကြီး၊ ဆရာမကြီးများက မျိုးဆက်သစ်ဆရာ ဆရာမများကို လက်ဆင့်ကမ်းအမွေပေးနိုင်မည့် အခွင့်အရေးများလည်း ရရှိမည်ဖြစ်သောကြောင့် မျိုးဆက်သစ်ဆေးဆရာများအတွက် ပညာအမွေဆက်ခံခွင့်ရရှိနိုင်သော အကျိုးကျေးဇူးများကိုပါ ရရှိစေမည်ဖြစ်ပါသည်။

> **“နိုင်ငံတော်အစိုးရအဆက်ဆက်က ကျန်းမာရေးစောင့်ရှောက်မှုများတွင် တိုင်းရင်းဆေးပညာဖြင့် ပါဝင်အားဖြည့်နိုင်ရန်အတွက် တိုင်းရင်းဆေးအခန်းကဏ္ဍကို အလေးအနက်ထားပြီး ပံ့ပိုးဆောင်ရွက်ပေးခြင်းလည်းဖြစ်ပါသည်။ နိုင်ငံတော်၏ အားပေးမှုနှင့်အတူ တိုင်းရင်းဆေးပညာရှင်များကလည်း ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ကျန်းမာရေးကို အစဉ်စောင့်ရှောက်ပေးသကဲ့သို့ ကပ်ရောဂါဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာသည့်အခါတွင်လည်း ပြည်သူလူထုကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ပေးလျက်ရှိ”**

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကျင်းပရခြင်းသည် အနှစ်သာရအားဖြင့် တိုင်းရင်းဆေးသမားတော်များက တိုင်းရင်းဆေးဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမို၍ကျယ်ကျယ်ပြန့်ပြန့် စောင့်ရှောက်မှုပေးနိုင်ရေးသည် အဓိကဖြစ်ပါသည်။

**တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် ညီလာခံအဆိုအထောက်များ**

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးကြီးသော အဆိုပြုချက်များတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများကိုလည်း ပြုလုပ်ကြမည်ဖြစ်ပါသည်။ ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာတမ်းရှင်များက တိုင်းရင်းဆေးပညာဆိုင်ရာ ရိုးရာကုထုံးနည်းစနစ်နှင့် ဆေးဝါးဆိုင်ရာစာတမ်းများဖတ်ကြား၍ ဆွေးနွေးကြမည်ဖြစ်ပါသည်။

**နိုင်ငံတော်၏ပံ့ပိုးမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာလမ်းကြောင်းများ**

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ နှစ်စဉ်ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်အတွက်၊ မြန်မာ့တိုင်းရင်းဆေးဆရာပညာရှင်များအတွက်နှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် တန်ဖိုးကြီးမားသည့် မှတ်တိုင်များဖြစ်ပါသည်။ ညီလာခံကျင်းပခြင်းဖြင့် မြန်မာပြည်သူများအား အရည်အသွေးပြည့်ဝသော မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာကုထုံး၊ ဆေးဝါးများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်လာပြီး ပြည်သူများက ပိုမိုယုံကြည်အားကိုးလာကာ မိမိတို့၏ ဘိုးဘွားအမွေအနှစ် အမျိုးသားဆေးပညာကို လေးစားတန်ဖိုးထားလာကြပြီဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအဆက်ဆက်က ကျန်းမာရေးစောင့်ရှောက်မှုများတွင် တိုင်းရင်းဆေးပညာဖြင့် ပါဝင်အားဖြည့်နိုင်ရန်အတွက် တိုင်းရင်းဆေးအခန်းကဏ္ဍကို အလေးအနက်ထားပြီး ပံ့ပိုးဆောင်ရွက်ပေးခြင်းလည်း ဖြစ်ပါသည်။ နိုင်ငံတော်၏ အားပေးမှုနှင့်အတူ တိုင်းရင်းဆေးပညာရှင်များကလည်း ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ကျန်းမာရေးကို အစဉ်စောင့်ရှောက်ပေးသကဲ့သို့ ကပ်ရောဂါဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာသည့်အခါတွင်လည်း ပြည်သူလူထုကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ပေးလျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းစသည်တို့သည် မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကမဏ္ဍိုင်ကြီးများ ဖြစ်ကြပါသည်။

ယခုအချိန်တွင် မြန်မာ့တိုင်းရင်းဆေးပညာရှင်များကို ဒီပလိုမာအဆင့်၊ ဒီဂရီဘွဲ့ရအဆင့်၊ တိုင်းရင်းဆေးပညာမဟာဘွဲ့အဆင့်မှ တိုင်းရင်းဆေးပညာပါရဂူဘွဲ့အထိ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးသို့ အဆင့်ဆင့်တက်လှမ်းနေပြီဖြစ်ပါသည်။ ထို့ပြင် တိုင်းရင်းဆေးဝါးများကို အရည်အသွေးစိတ်ချရပြီး ဆေးအချိန်အဆမှန်ကန်စွာဖြင့် အာနိသင်ရှိသော ဆေးဝါးများဖြစ်စေရေးအတွက် စနစ်တကျထုတ်လုပ်လာကြပြီဖြစ်ပါသည်။ ယခုအခါ မြန်မာ့တိုင်းရင်းဆေးပညာသည် အဆင့်မီဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်သို့ မှန်မှန်လျှောက်လှမ်းလျက်ရှိနေပြီဖြစ်ပါသည်။

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ**

တိုင်းရင်းဆေးပညာသည် မြန်မာတို့၏ ရိုးရာအမွေအနှစ်ဆေးပညာရပ်ဖြစ်သည်သာမက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ကမ္ဘာ့နိုင်ငံများ၏ တိုင်းရင်းဆေးဆိုင်ရာကဏ္ဍများနှင့်လည်း အတူပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်) စတက်၊ မဲခေါင်စသော အဖွဲ့အစည်းများနှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာလုပ်ငန်း၊ တိုင်းရင်းဆေးဝါးများ မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်း၊ စံချိန်စံညွှန်းများ ညှိနှိုင်းသတ်မှတ်ခြင်းဆိုင်ရာလုပ်ငန်း၊ သုတေသနဆိုင်ရာလုပ်ငန်းများ၊ ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများ စသည်တို့နှင့်ပတ်သက်ပြီး အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ရင်ပေါင်တန်း၍ လိုက်ပါဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ နိုင်ငံတကာနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆွေးနွေးဖလှယ်ကြခြင်း၊ ဆေးဝါးများကို အပြန်အလှန်ကူးသန်းရောင်းဝယ်ကြခြင်းများ ပြုလုပ်နိုင်ရန် တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးလုပ်ငန်းရှင်များကလည်း မျက်ခြည်မပြတ် ဆန်းစစ်လေ့လာကြပြီး မြန်မာ့ဆေးပညာ၊ မြန်မာ့တိုင်းရင်းဆေးဝါးများ အစဉ်အမြဲ အဆင့်အတန်းမီရေး ကြိုးပမ်းအားထုတ်လျက်ရှိကြပါသည်။ ထို့ပြင် နိုင်ငံတစ်နိုင်ငံချင်း၊ လူမျိုးတစ်မျိုးချင်း၏ တိုင်းရင်းဆေးပညာရပ်များသည် အခြေခံအားဖြင့် မတူညီကြသည့်အတွက် မိမိတို့၏ တိုင်းရင်းဆေးပညာအခြေခံသီအိုရီများကို မိမိတို့၏မူပိုင်အဖြစ် ထိန်းသိမ်းကြရမည်ဖြစ်သည့်အလျောက် ယင်းအခြေခံသီအိုရီများ ခိုင်မာမှန်ကန်ကြောင်း သက်သေပြရန်အတွက်လည်း ဆေးပညာရှင်များက ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာကုထုံးများကို အခြေခံ “စံ” ကုထုံးအဖြစ် သတ်မှတ်နိုင်ခဲ့ကြပြီး ရောဂါအမည်၊ ဆေးအမည်၊ ဆေးပင်၊ ဆေးပစ္စည်းများ၏ အမည်နာမများကို ပြည်သူအများနားလည်အောင် ဆောင်ရွက်ခဲ့ကြသလို ဆက်လက်၍လည်း အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**ရင်းနှီးချစ်ကြည်လက်တွဲညီ၊ တိုင်းရင်းဆေးညီလာခံဆီ**

တိုင်းရင်းဆေးညီလာခံကြီးသည် နိုင်ငံတော်အကြီးအကဲ၏ အားပေးချီးမြှောက်မှု၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်လမ်းညွှန်မှု၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ယခုကျင်းပမည့် ညီလာခံသို့ တက်ရောက်လာကြမည့် ညီလာခံကိုယ်စားလှယ်တော်ကြီးများနှင့် နီးနွယ်ပညာရှင်များအနေဖြင့် တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုနိုင်ကြရန် တိုက်တွန်းနှိုးဆော်ရင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်စေရန် ဂုဏ်ပြုကြိုဆိုသောအားဖြင့် **“ရင်းနှီးချစ်ကြည်လက်တွဲညီ၊ တိုင်းရင်းဆေးညီလာခံဆီ”** ဆောင်းပါးကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# အိမ်ဟာ အပါယ်လေးဘုံ

ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ

လောကကြီးအတွင်းမှာ သတ္တဝါတွေဆိုတာက ကိုယ့်အထုပ်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက်ပြီး ကိုယ့်အထုပ်ကို ကိုယ်ဆွဲပြီး သံသရာခရီးကို ဆက်ကာဆက်ကာ သွားနေကြရတာပါ။

အဖေ့ကို ကြည့်ပြန်တော့လည်း ကိုယ့်အထုပ်ကိုယ်ဆွဲပြီး ကိုယ့်ခရီး ကိုယ်သွားနေရတာ။ အမေ့ကို ကြည့်ပြန်တော့လည်း ကိုယ့်အထုပ်ကိုယ်ဆွဲပြီး ခရီးသွားနေရတာ။

ဘယ်လောက် ချစ်ပါတယ် ခင်ပါတယ်ပြောတဲ့ ညီအစ်ကိုမောင်နှမတွေပဲဖြစ်ဖြစ် ကိုယ့်အထုပ်ကိုကိုယ်ဆွဲပြီး ကိုယ့်ခရီးကိုယ်ဆက်သွားကြရတာပါ။

ဒီလောက် နေပူပူခရီးကြီးထဲမှာ သစ်ပင်ရိပ်အောက် ရေသောက်ရင်းနဲ့ ခရီးသွားဧည့်သည်ဘဝတူအချင်းချင်း ရေမလုကြပါနဲ့၊ အရိပ်မလုကြပါနဲ့၊ စကားမများကြပါနဲ့၊ ရန်မဖြစ်ကြပါနဲ့။ သူလည်းခရီးသွား၊ ကိုယ်လည်း ခရီးသွားဆိုတာကို မေတ္တာရှေ့ထားပြီး အသိဉာဏ်နဲ့ နားလည်ပေးလိုက်ပါ။

ခရီးသွားဧည်သည့်ဆိုတာ နှစ်မျိုးရှိပါတယ်။ ပထမတစ်မျိုးက ပကတိခရီးကို သွားနေကြတဲ့ ပကတိဧည့်သည်ရယ်၊ နောက်တစ်မျိုးက လောကကြီးထဲမှာ တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာပြီး နိဗ္ဗာန်အထိ အရောက်သွားနေကြတဲ့ နိဗ္ဗာန်ခရီးသွား သံသရာဧည့်သည်ရယ်၊ နှစ်မျိုးရှိကြပါတယ်။

နိဗ္ဗာန်ဆိုတဲ့ ရည်မှန်းချက်၊ နိဗ္ဗာန်ဆိုတဲ့ ဦးတည်ချက်မရှိဘဲ သံသရာထဲမှာ ဟိုရောက် ဒီရောက်၊ ဟိုလည်ဒီလည်သွားနေတဲ့လူတွေကတော့ ခရီးသွားဧည့်သည်အစစ် မဟုတ်ဘူးလို့ ပြောချင်ပါတယ်၊ အဲဒီလိုမျိုးက ဧည့်သည်မဟုတ်ပါဘူး။ အိမ်လည်တာ။ ဘဝအိမ်လည်တဲ့သူတွေလို့ ခေါ်ကြပါတယ်။

တစ်ခါတလေ လောကထဲမှာလည်း အကြောင်းကြီးငယ်ရှိလို့ ဟိုအိမ်လည် ဒီအိမ်လည်။ ဟိုအိမ်သွားလည် စကားပြော၊ ဒီအိမ်သွားလည် စကားပြော။ အလှူရှိလို့သွား၊ မင်္ဂလာဆောင်ရှိလို့ သွား၊ အိမ်လည်ပြီး စကားစမြည်ပြော လုပ်နေကြတဲ့သူတွေ ရှိကြပါတယ်။

အဲဒီလူတွေက ခရီးသွားတာ မဟုတ်ကြပါဘူး။ အိမ်လည်နေကြတာပါ။ အိမ်လည်တဲ့ သူတွေဟာ လိုရာခရီးပန်းတိုင်ကိုမရောက်ဘဲ အရပ်ထဲမှာ ဝဲလည်ပြီး ပြဿနာအမျိုးမျိုး ဖြစ်နေတတ်ကြပါတယ်။

ဧည့်သည်။ ဧည့်သည်တော့ ဧည့်သည်ပါပဲ။ အိမ်လည်သွားတဲ့ ဧည့်သည်တွေက အိမ်လည်သွား၊ အချိန်တန်တော့ သူများအိမ် အိပ်လို့မရပါဘူး။ ကိုယ့်အိမ်ကိုယ်ပြန်ရတာပါပဲ။ အိမ်လည်သွားတယ်။ လုပ်စရာ ကိုင်စရာရှိတာလုပ်ပြီးပြောပြီးရင် ကိုယ့်အိမ်ကို ကိုယ်ပြန်ရတာပါပဲ။

များသောအားဖြင့်က ကိုယ့်အကြောင်းကို ကိုယ်မသိတဲ့လူတွေက အခုလို လူ့ဘဝကိုရောက်လာတယ်ဆိုတာ အလည်လာတာပါ။ အိမ်လည်လာတာပါ။ ခဏတစ်ဖြုတ်သူများအိမ်ကို အလည်လာတာပါ။

အခု ဒီလူတွေ ဒီလူ့ဘဝမှာ ဘာလုပ်ဖို့လာကြတာလဲ။

ဒီလိုများ အမေးခံရရင် တို့တစ်တွေက ဗုဒ္ဓမြတ်စွာသာသနာနဲ့ ကြုံကြိုက်တုန်း ကုသိုလ်လုပ်စရာရှိတာ လုပ်ဖို့ကိုင်ဖို့၊ ဒီကုသိုလ်ပါရမီတွေနဲ့ နိဗ္ဗာန်အထိသွားကြဖို့ ဒီလူ့ဘဝကို အလည်လာကြတာလို့ ဖြေလိုက်ကြစမ်းပါ။

အခုကြည့်လေ၊ လောကမှာ ညဥ့်မိုးချုပ်လာရင် ခြောက်နာရီကျော် ခုနစ်နာရီရှိပြီ။ အမေက မျှော်နေရော့မယ်။ အဖေက မျှော်နေရော့မယ်။ ထမင်းစားချိန်တန်ပြီဆိုပြီး ကိုယ့်အိမ်ကိုယ်ပြန်ကြရတယ်။

အဲဒီလိုပါပဲ၊ အခုအသက်ခြောက်ဆယ်ကျော်ပြီ။ ခုနစ်ဆယ်ကျော်ပြီ။ အချိန်တန်ရင် အိမ်ပြန်ရတော့မယ်။ ဒါလေးကိုသိကြပါ။

'ဘုရားရှင် ဟောထားပါတယ်။ အပါယ်လေးဘုံက ပုထုဇဉ်တွေရဲ့အိမ်'တဲ့၊ ကိုယ့်အိမ်နဲ့အတူတူပဲတဲ့။ အခုက အိမ်လည်လာတာဆိုရင် အချိန်တန်ရင် အပါယ်လေးဘုံဆိုတဲ့ ကိုယ့်အိမ်ကို ကိုယ်ပြန်ရမှာပါ။ ဟိုလိုလို ဒီလိုလိုနဲ့နေကြရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ ကိုယ်အရင်ကနေခဲ့တဲ့ ဒုက္ခဘုံဆင်းရဲအိမ်ကို ပြန်ရမှာပါ။ အဲဒါကသာ ကိုယ့်အိမ်ကိုယ်ပြန်တယ်ခေါ်ပါတယ်။ ဘယ်လောက်များ ဒုက္ခဆင်းရဲဘုံကို ပြန်ရောက်ရမှာ ကြောက်စရာကောင်းလိုက်သလဲလို့။

ပုထုဇဉ်တွေရဲ့အိမ်ဟာ အပါယ်လေးဘုံတဲ့၊ ကြောက်စရာကောင်းလိုက်တာ။

အဲဒါကြောင့်မို့ သတိပဋ္ဌာန်တရားဘာဝနာကို အားထုတ်ကြစမ်းပါ။ သတိမလွတ်ပါစေနဲ့။ အခုလို ထပ်ကာထပ်ကာ ပြောပေးနေတယ်ဆိုတာက ဒီယောဂီတွေ၊ ဒီပရိသတ်တွေအတွက် အသိဉာဏ်တွေ တိုးဖို့ပါ။ သတိထား၊ သတိရှိလို့ အသိဉာဏ်တွေ တိုးလာတော့မှ မိမိတို့ ပုထုဇဉ်ဘဝကလွတ်မြောက်ပြီး အပါယ်လေးဘုံ ဒုက္ခဆင်းရဲအိမ်ကို ပြန်မရောက်တော့မှာပါ။

အသိဉာဏ်ဆိုတာက အမျိုးမျိုး အဆင့်ဆင့်ရှိကြပါတယ်။ အဓိကကတော့ သံဝေဂဉာဏ်တွေရဖို့၊ ဝိပဿနာဉာဏ်တွေရပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရအောင်လို့ အခုလို ပြောပေးနေရတာပါ။ ရှေးဦးစွာ သံဝေဂဉာဏ်ရပြီးတော့ အဲဒီ သံဝေဂဉာဏ်နဲ့ပဲ –

'ဟုတ်တာပေါ့၊ ကြည့်စမ်း။ ငါတို့နေရတဲ့ ဒီဘဝသံသရာကြီးထဲမှာ သတိလေးတစ်ချက်လောက်လွတ်ပြီး ဟိုလိုလို ဒီလိုလိုနဲ့ ပေါ့တီးပေါ့ဆနေလို့ကတော့ အပါယ်လေးဘုံကို ပြန်ရောက်မှာ သေချာတယ်။ ဘယ်လောက်ကြောက်စရာကောင်းသလဲ'

'သံသရာခရီးက ဆက်ပြီးသွားကြရဦးမှာ။ မိမိကိုယ်ကို ဧည့်သည်လို့သဘောပေါက်ရင် သတိပညာအလွတ်မခံဘဲ ဝိပဿနာဉာဏ်ရအောင် ကြည့်ရတာ၊ ရှုရတာ၊ ကြိုးစားရတာ။ အမှန်တကယ်လည်း လူ့ဘဝဆိုတာ ဧည့်သည်လိုနေကြရတာ၊ နေတတ်ထိုင်တတ်ဖို့ အရေးကြီးတယ်'လို့ သံဝေဂဉာဏ်၊ အသိဉာဏ်တွေ ရစေချင်ပါတယ်။

ဧည့်သည်ဆိုတာကို သဘောပေါက်အောင် ပြောပြပါမယ်၊ နားလည်အောင် ပြောပြပါမယ်။

ကိုယ့်အိမ်မှာ ဘုရားဝတ်တက်ချင်ရင်ကြိုက်တဲ့အချိန်၊ ကြိုက်သလို ဘုရားဝတ်တက်၊ ထမင်းစားချင်ရင်လည်း မီးဖိုထဲဝင်ပြီး ကြိုက်တဲ့အချိန် ကြိုက်သလို ဖွင့်စား၊ ကုန်ကုန်ပြောရရင် အပေါ့အပါး သွားချင်ရင်တောင် ကိုယ့်အိမ်သာ ကိုယ်ကြိုက်သလို အပေါ့အပါး သွားလို့ရတယ်။

သူများအိမ် ဧည့်သည်သွားလုပ်ရတာ အဲဒီလို မဟုတ်တော့ဘူး။ အဲဒီလိုလည်း မလွယ်တော့ပါဘူး။



တကယ်နေရထိုင်ရခက်ပါတယ်။

'ဧည့်သည်ဆိုတာ ဘဝတိုင်း ဘဝတိုင်းမှာ ဘယ်လောက်နေရထိုင်ရ စားရသောက်ရ ခက်ခဲသလဲ' ဆိုတာ နားလည်ပါ။ သဘောပေါက်ပါ။

ဆောင်းတွင်းဆိုရင်လည်း ဧည့်သည်လုပ်ရရင် အိမ်ရှင်ကို ကြည့်ရသေးတယ်။ နွေဆိုရင်လည်း နွေအလျောက်၊ မိုးဆိုရင်လည်း မိုးအလျောက် အိမ်ရှင်ကို ကြည့်ရသေးတယ်။ အိပ်ရာနေရာ အဆင်ပြေ၊ မပြေ။ စားရေးသောက်ရေးကလည်း အဆင်ပြေ၊ မပြေ ကြည့်ရသေးတယ်။ ကိုယ်သွားလည်ရင် သူတို့များ အလုပ်ရှုပ်နေမှာလား၊ စီးပွားရေးများ ကျပ်နေမှာလား၊ အကုန်လုံးကိုစုံအောင် စဉ်းစားကြည့်ရသေးတာ။ ဧည့်သည်ဆိုတာက မလွတ်လပ်ဘူး။ အိမ်ရှင့်မျက်နှာကို အမြဲတမ်းကြည့်နေရတာ။

ဘဝခရီးသွားနေတဲ့ ဧည့်သည်ကို နိဗ္ဗာန်ရောက်အောင်မခေါ်ဘဲ သံသရာဘက် လှည့်ခေါ်နေတာက တဏှာလောဘပါ။

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ "ဧည့်သည်" စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ဓမ္မအဂါရဝ




ကျွန်တော်တို့ယခုအခါဆက်လက်လေ့လာထားရမည့်အချက်မှာ – 'ဓမ္မအဂါရဝ–တရားတော်၌ မရိုသေမှု' ဟူသော သာသနာပျက်စီး ဆုတ်ယုတ်နိုင်ခြင်းအကြောင်းပင်ဖြစ်လေသည်။

ကျွန်တော်တို့ ယနေ့အထိ ကိုးကွယ်ဆည်းကပ်နေသော တရားမှာ ဗုဒ္ဓမြတ်စွာ ၄၅ ဝါကာလပတ်လုံး ဟောကြားခဲ့သော တရားတော်များဖြစ်သည်။ ပိဋကတ်အနေဖြင့် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ဟူ၍ သုံးမျိုးဖြစ်သည်။ ထိုပိဋကတ်သုံးပုံသည် သွာက္ခာတစသော ဂုဏ်တော်ခြောက်မျိုးနှင့် ပြည့်စုံသော တရားတော်ဖြစ်သလို ဆည်းကပ်လိုက်နာ သူတို့အား အပါယ်ဆင်းရဲကြီးဘေးမှ ကင်းလွတ်စေနိုင်သော သတ္တိထူးလည်းရှိလေသည်။

ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က အလေးအမြတ်ထား၍ကိုယ်တော်တိုင် ပူဇော်သမှုပြုခဲ့သလို ပရိနိဗ္ဗာန်စံဝင်ခါနီး အချိန်၌လည်း–

'အာနန္ဒာ၊ ငါဘုရားပရိနိဗ္ဗာန်ဝင်စံပြီးနောက် ငါဘုရား ဟောကြားခဲ့သော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဟူသော တရားတော်များသည် သင်တို့အတွက် ငါ့ကိုယ်စား ဆရာဘုရားပင်ဖြစ်ပေသည်ဟူ၍ အလေးအနက်ထား၍ ဟောကြားတော်မူခဲ့သော တရားတော်မြတ်လည်း ဖြစ်ချေသည်။

သို့ဖြစ်သော် ထိုဓမ္မကို ကျွန်တော်တို့အနေဖြင့် မရိုမသေ မလေးမစား မပြုသင့်ချေ။

ယခုအခါတွင် ဒေသတိုင်း၊ အရပ်တိုင်းမှာလိုလိုပင် တရားပွဲသဘင်များ ဆင်ယင်ကျင်းပလျက်ရှိသည်။ ထိုတရားပွဲများသို့ မိမိနှင့်အလျဉ်းသင့်တိုင်း လေးလေးစားစား သွားရောက်နာကြားရမည်။ တရားနာနေစဉ်အတွင်းလည်း မနာချင်သလိုလို၊ နာချင်သလိုလိုနှင့် ဂါရဝပျက်အောင် မပြုရချေ။ ကိုယ်တိုင်စကားပြောခြင်း၊ သူတစ်ပါးပြောသည်ကို ငေးစိုက်နားထောင်ခြင်းမျိုးကိုလည်း တရားနာနေစဉ် မပြုလုပ်ကောင်းချေ။ တရားတော်ကိုသာ အာရုံစူးစိုက်၍ တလေးတစား နာယူမှတ်သားရပေမည်။

နောက်ရှိသေးသည်။ ဗုဒ္ဓတရားများကို ရိုက်နှိပ်ထားသော စာအုပ်စာတမ်းများကိုလည်း အိမ်မှာ ဟိုထား၊ သည်ထား၊ ဟိုညှပ်၊ သည်ညှပ် မလုပ်ကောင်းချေ။ မိမိထက်နိမ့်ရာနေရာမျိုး ခြေရင်းကျသော နေရာမျိုးတွင်လည်း မထားကောင်းချေ။ မြင့်မြတ်ရာနေရာမျိုးမှာသာ တရိုတသေ သိမ်းဆည်းထားရပေသည်။

အချို့ဆရာတော်ကြီးများဆိုလျှင် စာချသည့်အခါမျိုးမှာပင် ကုလားကာလေးကာ၍ ချတတ်ကြသည်။ ဤသည်မှာ စာတတ်သူများအသုံးပြုသော ကျမ်းစာအုပ်များက အောက်ကနေ မိမိစာချသူက ကုလားထိုင်နှင့်ဘာနှင့် ထိုင်၍စာချပါက အမြင့်ကကျနေသဖြင့် ဓမ္မအပေါ် မရိုသေရာကျသောကြောင့်ဖြစ်သည်။

နောက်ရှိသေးသည်။ ဓမ္မစာအုပ်များကို သွားရင်းလာရင်း ယူဆောင်သည့်အခါလည်း ပခုံးပေါ်မှာ တရိုတသေတင်၍ သွားကြလေသည်။ လက်ကဆွဲသွားခြင်း၊ ချိုင်းကြားညှပ်သွားခြင်း၊ ခါးကြားထိုးသွားခြင်း စသည်ကို ကိုယ်တိုင်လည်း မပြုကြ၊ တပည့်တပန်းများပြုနေသည်ကို တွေ့မြင်ပါကလည်း ချက်ချင်းခေါ်၍ ဆုံးမလေ့ရှိသည်။

ဤမျှအထိ ဓမ္မတရားတော်အပေါ်ဝယ် အလေးအနက် ရိုသေသမှုပြုကြလေသည်။

ထို့ကြောင့် ကျွန်တော်တို့အဖို့ သာသနာပျက်စီးကွယ်ပနိုင်ကြောင်းဖြစ်သော 'ဓမ္မအဂါရဝ–တရားတော်၌ မရိုသေမှု'ဟူသော အချက်ကိုလည်း အမြဲသတိပြု၍ မရိုသေရာမှန်သမျှ ရှောင်ရှားသင့်ပေသည်။ ။

## မြို့သစ်မြို့နယ် ကွင်းကျေးရွာ၌ ဆောင်းမြေပဲများ လှိုင်လှိုင်ပေါ်

မကွေး နိုဝင်ဘာ ၆

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ဝါနှင့် ပဲမျိုးစုံတို့ကို အဓိကစိုက်ပျိုးလျက်ရှိပြီး ကွင်းကျေးရွာတွင် ဆောင်းမြေပဲကို ဧက ၁၂၀ ခန့် စိုက်ပျိုးထားကြောင်း၊ ဆောင်းမြေပဲကို မိုးနှမ်းရိတ်သိမ်းပြီးသည့် စိုက်ခင်းမြေများတွင် ထွန်ယက်၍ ဩဂုတ်လတွင် စိုက်ပျိုးပြီး အောက်တိုဘာလကုန်တွင် လှိုင်လှိုင်ပေါ်လျက်ရှိကြောင်း၊ မျိုးအနေဖြင့် ဗီယက်နမ်(မြေပဲဆန်ဖြူ)၊ စွန်တာနီ (မြေပဲဆန်နီ) တို့ကို စိုက်ပျိုးပြီး စွန်တာနီ (မြေပဲဆန်နီ) မျိုးကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၈၀၀၀၀၀ ခန့်ကုန်ကျပြီး တင်း ၅၀-၆၀ ခန့် ထွက်ရှိ၍ တစ်ဧကလျှင် ငွေကျပ် ၇၀၀၀၀၀ ခန့် အမြတ်ရရှိကြောင်း သိရသည်။

နိုဝင်ဘာလ ပထမပတ်တွင် မြေပဲတောင့် တစ်တင်းလျှင် ငွေကျပ် ၂၂၀၀၀-၂၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ထွက်ရှိသည့် ဆောင်းမြေပဲများကို မကွေးမြို့ပေါ်ရှိ သီးနှံပွဲရုံများမှတစ်ဆင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချပြီး ဒေသတွင်းရှိ ဆီစက်လုပ်ငန်းရှင်များနှင့် မြေပဲကို တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်၍ ပြန်လည်ရောင်းချသည့် လုပ်ငန်းရှင်များကလည်း ဝယ်ယူကြကြောင်း သိရသည်။

ယခုနှစ်တွင် မိုးရွာသွန်းမှုများပြီး အထွက်နှုန်း အနည်းငယ်လျော့နည်းသော်လည်း ဈေးကောင်းရရှိသောကြောင့် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိကြောင်း၊ မြေပဲပင်များကို အခြောက်ခံနေလှန်း၍ တိရစ္ဆာန်အစာအဖြစ်လည်း အသုံးပြုနိုင်သည့် သီးနှံဖြစ်သောကြောင့် တောင်သူများအနေဖြင့် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။





## မကွေးမြို့နယ်၌ ဖရဲသီးဈေးကောင်း၍ တောင်သူများအဆင်ပြေ

မကွေး နိုဝင်ဘာ ၆

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကမ်းရင်ကျေးရွာ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ဖရဲသီးနှံကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ဖရဲသီးနှံ ဧက ၁၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။

ဖရဲသီးနှံကို ဩဂုတ်လတွင် စိုက်ပျိုးပြီး အောက်တိုဘာလတွင် ခူးဆွတ်ရောင်းချရကြောင်း၊ မျိုးအနေဖြင့် ဖရဲ-855 မျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် ဖရဲမျိုးစေ့ ထုပ် လေးထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် မြေပြုပြင်၍ တန်းကြားငါးပေ၊ ကျင်းကြား သုံးပေခြား၍ မိုးရေသောက်စနစ်နှင့် မြေအောက်ရေတင်စနစ်ဟူ၍ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ ထွန်ယက်ခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၂ သိန်းကျော်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ဖရဲသီးအလုံးရေ ၁၅၀၀-၂၀၀၀ ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ဖရဲသီးတစ်လုံးလျှင် လက်ကားဈေး ငွေကျပ် ၂၀၀၀-၂၅၀၀ ဖြင့် ရောင်းချရပြီး တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေး၊ မင်းဘူး၊ စကု၊ ရေနံချောင်းမြို့များအပြင် ရန်ကုန်မြို့သို့လည်း တင်ပို့ရောင်းချကြောင်း၊ ဖရဲသီးနှံပေါ်စအချိန်တွင် ဈေးကောင်းရ၍ အကျိုးအမြတ်များရရှိသည့်အတွက် ဖရဲစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

## တောင်တွင်းကြီးမြို့နယ်၌ ငရုတ်သီးနှံဈေးကောင်းရ၍ တောင်သူများအကျိုးအမြတ်ရ

မကွေး နိုဝင်ဘာ ၆

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ညောင်ဝန်ကျေးရွာတွင် စားဖိုဆောင်သုံးသီးနှံတစ်မျိုးဖြစ်သည့် ငရုတ်သီးနှံ ဧက ၂၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ငရုတ်သီးနှံစိုက်ပျိုးရာတွင် မျိုးအနေဖြင့် သာမို ၉၀၀ နှင့် သာမို ၉၉၉ မျိုးများကို စိုက်ပျိုးရေးဆေးဆိုင်များမှ ဝယ်ယူစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့များကို ပျိုးအိတ်ဖြင့် ပျိုးထောင်ကာ ပျိုးပင်၂၅-၃၀ ရက်သားအရွယ်တွင် မြေသို့ချ၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ဩဂုတ်လတွင် မြေချစိုက်ပျိုးကြပြီး အောက်တိုဘာလတွင် ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၈၀၀၀၀၀ ခန့်ကုန်ကျပြီး တစ်ဧကလျှင် ပိဿာ ၇၀၀-၈၀၀ ခန့်ထွက်ရှိ၍ တောင်သူအကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၇၀၀၀၀၀ ခန့် ရရှိကြောင်း သိရသည်။

နိုဝင်ဘာလ ပထမပတ်တွင် ငရုတ်သီးစိမ်း တစ်ပိဿာလျှင် လက်ကားဈေး ၅၀၀၀-၅၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်တွင်းကြီးမြို့သို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မကွေးမြို့သို့လည်း တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ငရုတ်သီးအထွက်နှုန်း လျော့နည်းသော်လည်း ငရုတ်သီးခူးဆွတ်ချိန်တွင် ဈေးကောင်းရရှိသောကြောင့် ငရုတ်စိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။



### ၆-၁၁-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၀၀၀ | ၂၈၀၀၀ | ၁၀၂၆၉ | ၂၂၀၀၀ | ၈၀၀၀ | ၂၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၅၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၃၀၀ | | ၇၇၀၀ | ၂၂၀၀၀ | - | ၁၆၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၂၁၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၂၀၀ | ၂၀၀၀၀ | ၇၅၃၅ | ၁၇၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၅၀၀၀ | | ၈၃၀၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | | ၄၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၃၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၃၀၀ | ၁၉၀၀၀ | ၇၀၄၀ | ၁၂၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၉၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၁၀၀၀ | ၇၃၅၀ | ၈၅၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၈၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၉၅၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၅၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၇၆၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၇၄၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၄၅၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၄၀၀ | ၉၅၀၀ | ၄၂၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၄၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၅၁၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၄၅၀၀ | ၁၈၅၀၀ | ၉၂၀၀ | ၃၃၀၀ | ၆၀၀ | ၈၅၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၅၀၀ | ၅၂၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၅၁၀ | ၁၃၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၇၀၀၀ | ၅၂၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၅၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | ၂၉၀၀၀ | | ၁၈၀၀၀ |

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ပုဗ္ဗသီရိမြို့နယ် သမဝါယမအသင်းများ၏ အိမ်ရှင်မဆီစက်လုပ်ငန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့်အတူ ပုဗ္ဗသီရိမြို့နယ် သမဝါယမအသင်းများ၏ အိမ်ရှင်မဆီစက်လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သမဝါယမအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသော အိမ်ရှင်မဆီစက်မှ တစ်ရက်လျှင် ၈ နာရီ နှစ် Duty ဖြင့် ပီသာ ၁၄၀၀ ကြိတ်ခွဲပေးလျက်ရှိရာ ရက်သတ္တတစ်ပတ်လျှင် ပိဿာ ၄၂၀၀ ခန့် ကြိတ်ခွဲဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကျွန်းတောကြီး-ပုစွန်ဆိတ်ကျေးရွာချင်းဆက်လမ်း အရှည် ၂ ဒသမ ၃ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ကျန်လမ်းပိုင်းအား ဆက်လက်ဖောက်လုပ်ပေးရန် မှာကြားသည်။



ထိုမှတစ်ဆင့် တပ်ကုန်းမြို့နယ် ကံလှကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာသို့ သွားရောက်ပြီး တပ်ကုန်းမြို့နယ်အတွင်းရှိ သမဝါယမအသင်းငါးသင်းမှ အသင်းသားတောင်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အသင်းသားတောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အသင်းသားတောင်သူ ဒေါ်နုရည်နှင့် ဒေါ်စိန်နုတို့၏ လယ်မြေ ၁၀ ဧကတွင် RAKA 666 ဝါမျိုး စိုက်ပျိုးထားမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ရွှေဥဒေါင်းခေတ်မီစံပြကျေးရွာသို့ သွားရောက်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဒေသထွက်သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရွှေဥဒေါင်းခေတ်မီစံပြကျေးရွာအတွင်း၌ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်းလမ်း ပေ ၁၂၇၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# "ထူးမြတ်တဲ့ ကထိန်" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၈ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် "ထူးမြတ်တဲ့ကထိန် " တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် သန်းထွန်းလေး၊ လွင်အောင်၊ ပြည့်ဖြိုးအောင်၊ ကောင်းမိုးယံ၊ ကောင်းဉာဏ်ဟိန်း၊ တက္ကသိုလ် လဲ့လဲ့၊ ရွှေယမင်းဦး၊ သွန်း၊ ချိုမီမီဇော်နှင့် မြင့်မိုရ်သွန်းခတို့က တန်ဆောင်တိုင်ကာလ အခါသမယ၏ သာယာလှပပုံများနှင့် မြန်မာတို့၏ အလှူဒါနစိတ်အားထက်သန်မှုတို့ကို ဖော်ကြူးသည့် ရိုးရာမပျက်တဲ့ ဘုံကထိန်၊ ထူးမြတ်တဲ့ကထိန်၊ ရက်ကန်းသံ၊ ပွဲတော်ညစသည့် တေးသီချင်းများအား ရွေးချယ်ပြီး ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် နိုဝင်ဘာ ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# မော်ဘီမြို့၌ ရေကြီးနစ်မြုပ်ပျက်စီးခြင်းအတွက် လျော်ကြေးပေးအပ်ပွဲ ကျင်းပ

**မော်ဘီ နိုဝင်ဘာ ၆**

ရာသီဥတုအညွှန်းကိန်း အခြေပြုသီးနှံအာမခံ ရေကြီးနစ်မြုပ်ပျက်စီးခြင်းအတွက် လျော်ကြေးပေးအပ်ပွဲအခမ်းအနားကို မော်ဘီမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများနှင့် တောင်သူများ စုစုပေါင်း ၃၀ ခန့် တက်ရောက်ကြသည်။

မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ရာသီဥတုအညွှန်းကိန်းအခြေပြုသီးနှံအာမခံ စတင်ဆောင်ရွက်ခဲ့စဉ်က သတ်မှတ်ထားသော မိုးရေချိန်စံညွှန်းကိန်းထက် ကျော်လွန်ခြင်းကိုသာ အကာအကွယ်ပေးဆောင်ရွက်ခဲ့ပြီး ယခုနှစ်ဆောင်ရွက်ခဲ့သည့် သီးနှံအာမခံကို သတ်မှတ်ထားသော မိုးရေချိန် စံညွှန်းကိန်းထက် ကျော်လွန်ခြင်းအပြင် အပိုအကာအကွယ်အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခြင်းကိုပါ အကာအကွယ်ပေးဆောင်ရွက်ခဲ့သည်။ ထိုသို့ ရေကြီးနစ်မြုပ်ပျက်စီးခြင်းကို အကာအကွယ်ပေးခဲ့သဖြင့် သတ်မှတ်ထားသော မိုးရေချိန်စံညွှန်းကိန်းထက် မကျော်လွန်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့ကြသော တောင်သူဦးကြီးများ၏ စိုက်ကေများအတွက် နိုင်ငံအနှံ့ လျော်ကြေးအကျိုးခံစားခွင့်ရရှိခဲ့သည်။ ယခုအခမ်းအနားတွင် သတ်မှတ်ထားသော မိုးရေချိန်စံညွှန်းကိန်းထက် မကျော်လွန်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော မော်ဘီမြို့နယ်၊ နှောကုန်း၊ ညောင်ကုန်း၊ ရွှေမြယာကုန်းကျေးရွာတို့မှ တောင်သူများအား အာမခံထားရှိခဲ့သော မိုးစပါးစိုက်ဧက စုစုပေါင်း ဧက ၂၃၀ အတွက် သီးနှံအာမခံလျော်ကြေးငွေကျပ် ၆၉၀၀၀၀၀ ကို ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယသတ်မှတ်ကာလတွင် သတ်မှတ်ထားသော မိုးရေချိန်စံညွှန်းကိန်းထက် ကျော်လွန်ခြင်းအတွက် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်၊ တွံတေး၊ လှည်းကူးမြို့နယ်တို့မှ သီးနှံအာမခံထားရှိခဲ့သော မိုးစပါးစိုက်ဧကများအတွက် လျော်ကြေးငွေများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# "ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၆**

"ချစ်စရာ့အရွယ် ကစားကြမယ်" ကလေးအစီအစဉ်ကို MRTV HD Channelမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၉ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ကန်ရိပ်သာ မူလတန်းကြိုကျောင်းနှင့် အလုံမူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channelမှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။




**ကြည့်ရှုနိုင်မည်**

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက် လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် နိုဝင်ဘာ ၁၁ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင်လည်း Replay ထပ်မံပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်[၈၊၉၊၁၀၊၁၁ (ကမာရွတ်)]၊ မြေကွက်အမှတ်(၁၇၅)၊ (၀.၁၃၅၈ဧကေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် တကွယင်းမြေကွက်ပေါ်ရှိ အရပ်အခေါ် ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ အေးရိပ်မွန်(၃)လမ်း၊ အမှတ်(၁၉)ဟုခေါ်တွင်သော အိမ်ခြံမြေကွက်နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုအမည် ပေါက်ပိုင်ဆိုင်ပြီးတရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိ ပြုသူ ဦးမြတ်သူ[၁၂/စခန(နိုင်)၀၄၃၆၁၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေဇင်ထွေး (ခ)ရွှေစင်သွေး[၁၂/ဥကမ(နိုင်)၁၇၈၁၃၇]မှအပြီးအပြတ်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ရွှေဇင်ထွေး (ခ)ရွှေစင်သွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး**
**LL.B,D.B.L,D.I.L,D.M.L,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-450023651,09-793568375**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရပ်ကွက် အမှတ်(၁၁)၊(၁၀)လမ်း၊ မြေကွက်အမှတ် (၄၂၄/က)၊ မြေပေအကျယ် (၂၀ x ၆၀)ပေ မြေပေါ်တွင် ဆောက်လုပ်ထားသော လွှာချင်း (၆)ထပ် (RC) တိုက်အဆောက်အဦမှ မြေညီထပ်၊ အကျယ်အဝန်း (၁၈ x ၅၄) ပေရှိ တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရောက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသည့် ဒေါ်မြင့်မြင့်ဝင်း [၁/မကတ (နိုင်) ၀၇၄၆၃၉] ကိုင်ဆောင်သူမှ ရောင်းချလိုပါကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးလှဝင်း [၁၂/ပဇတ(နိုင်)၀၁၁၉၈၂]နှင့် ဒေါ်မြတ်ဥမ္မာကျော် [၁၂/ပဇတ(နိုင်)၀၀၀၀၁၁] တို့မှလည်းဝယ်ယူရန် သဘောတူညီ၍ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ သည်။

အဆိုပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး တို့နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါသည့် ရက်မှ (၁၀)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်မည် ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဦး (စဉ်-၄၄၄၉၄)အထက်တန်းရှေ့နေ**
**အမှတ်(၂၄)၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်။**
**ဖုန်း-၀၉-၉၆၁၆၀၆၀၆၁**

## ကြော်ငြာစာ

ကျွန်မ၏ပထမသားဖြစ်သူ မောင်သူရဌေးသည် ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့တွင် မွေးဖွားခဲ့သူဖြစ်ပြီး ကျောင်းအပ်သည့်မွေးဖွားသည့် နေ့မှာ ၁၀-၆-၂၀၁၂ နေ့ဖြင့် မှားယွင်းဖော်ပြထားပါသည်။ ကျွန်မ၏ဒုတိယ သားဖြစ်သူ မောင်ချမ်းမြေ့အောင်သည် ၂၀၁၄ခုနှစ်၊ မတ်လ( ၆)ရက်နေ့တွင် မွေးဖွားခဲ့သူဖြစ်ပြီး ကျောင်းအပ်သည့်မွေးဖွားသည့်နေ့မှာ ၆-၃-၂၀၁၃နေ့ဖြင့် မှားယွင်းဖော်ပြထားပါသည်။ ကျွန်မ၏ပထမသားဖြစ်သူ မောင်သူရဌေးနှင့် ဒုတိယသားဖြစ်သူ မောင်ချမ်းမြေ့အောင်တို့၏ မွေးဖွားသည့်နေ့သည် အိမ်ထောင်စု လူဦးရေ စာရင်း ပုံစံ(၆၆/၆)ရှိ အမည်နှင့် မွေးဖွားသည့်ရက်နေ့မှာ မှန်ကန်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်အေးအေးဆင့်**
**[၆/သရခ(နိုင်)၀၄၃၈၉၅]**
**ရွှေပြည်သာရပ်ကွက်၊ ကော့သောင်းမြို့။**

## ဝန်ချတောင်းပန်ခြင်း

ကျွန်မ မသူဇာထွေး (၁၂/ဒလန (နိုင်) ၁၀၈၃၂၃)သည် TikTok အကောင့်ဖြစ်သော Naing Lin Tun @ thuzar1842003 ကို သုံးစွဲ၍ မချိုပြုံး (၂/ဒမဆ (နိုင်) ၀၂၆၉၀၆)၏ TikTok အကောင့်ဖြစ်သော @saw.shwe.zin ၏ post များအောက်တွင် ငြိမ်းခြောက်သော၊ ရိုင်းပြ ညစ်ညမ်းသော အသုံးအနှုန်းများဖြင့် Comment များ ရေးသားခဲ့ခြင်း အပေါ် ခွင့်လွှတ်ကျေအေးပေးပါရန်နှင့် နောက်နောင် မချိုပြုံး @saw.shwe.zin အပေါ် လူမှုကွန်ရက်တွင် စော်ကားခြင်း၊ ရိုင်းပြသောအသုံးအနှုန်းများဖြင့် Comment ပေးခြင်းတို့ကို မပြုလုပ်တော့ပါကြောင်း ဝန်ချတောင်းပန်အပ် ပါသည်။

**မသူဇာထွေး** (၁၂/ဒလန (နိုင်) ၁၀၈၃၂၃)
အမှတ် (၂၈၈၉)၊ ငထွေးရှူးလမ်း၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ရွှေဖူးမျှော်လမ်း၊ တိုက်အမှတ်(၁၂၈)၊ မြေညီထပ် (ထပ်ခိုးပါ)၊ အကျယ်အဝန်း(၁၁.၅ပေx ၄၈ပေ)ရှိ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို ပိုင်ဆိုင်မှုအဆက်အစပ်စာချုပ်စာတမ်း များအရ ဝယ်ယူပိုင်ဆိုင် လက်ရှိဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံ ပြောဆိုသူ ဒေါ်ခင်အေးတင့်(ဘ)ဦးကိုကိုအေး [၁၂/ဗဟန(နိုင်)၀၈၄၃၆၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေပြီးဖြစ်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာ စာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တိုက်ခန်းပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)အထောက်အထားများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်း အဝယ်ကို ဆက်လက်အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အိအိခင် (LL.B)** | **ဒေါ်မေသူအောင် (LL.B,D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၃၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၀၅)** |

**အမှတ်(၉/၁၁)၊ အခန်း(၁၀၃/E)၊ ပထမထပ်၊ ၃၆-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၄၁၉၁၄၈၊ ၀၉-၄၂၀၂၆၉၀၀၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

